# ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ

မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်မီး ရရှိရေး စီမံကိန်း
ဆင်းရဲနွမ်းပါး မှု နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှု ပဏာမ လေ့လာသုံးသပ်ချက်
ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံအုပ်ချုပ်မှု အဆောက်အအုံ သို့ တင်ပြချက်

မူကြမ်း

ဧပြီလ၊ ၂၀၁၅

လူမှုအဖွဲ့အစည်း နှင့် မူဝါဒ ပိုင်းဆိုင်ရာ ပြုပြင်ရေးများ တွင် စွမ်းအင်ကဏ္ဍ နှင့်သက်ဆိုင်သည့် အကူအညီပေးရန် ကမ္ဘာ့ဘဏ် သည် 'ဆင်းရဲနွမ်းပါး မှု နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှု လေ့လာသုံးသပ်ချက် (PSIA) ' အတွက် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရကို ကမ္ဘာ့ဘဏ် ငွေကြေး အထောက်အပံ့ဖြင့် ဆောင်ရွက်ဆဲဖြစ်သည့် ' မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအား စီမံကိန်း (MEPP) ' နည်းပညာရပ်ပိုင်း ဆိုင်ရာ အကူအညီ အပါအဝင် ' မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်မီး ရရှိရေး စီမံကိန်း (NEP)' ရေးဆွဲပြင်ဆင်ခြင်း နှင့် ယင်း NEP ကိုတင်ပြရန် ငွေကြေး အထောက်အပံ့ ပေးမည်ဖြစ်သည်။ PSIA တွင် ဘာသာရပ် နှင့် ဆက်စပ် ကိုယ်စားလှယ်များ ၏ ဆွေးနွေး အကြံပြုချက် များ၊ ဖြစ်နိုင်ခြေရှိသော လူမှုရေးသက်ရောက်မှု ဆိုင်ရာ လေ့လာသုံးသပ်ချက် နှင့် စီမံကိန်း အခက်အခဲများရှိပါသည်။

PSIA **သည် အထက်ပါ အစီအစဉ်များကို ကူညီဆောင်ရွက်ရာတွင် ပူးတွဲပါအချက်အလက်များ ပံ့ပိုးရန် ရည်ရွယ်ပါသည်** - (၁) NEP၏ ဖွံ့ဖြိုးတိုးတက်မှု နှင့် အကောင်အထည် ဖေါ်ဆောင်ရွက်လျှက်ရှိသော ဒေသလူမှုအဖွဲ့အစည်း ဆိုင်ရာ အကြောင်းအရာများ၊ (၂) စွမ်းအင် အားနည်း ခြင်းကို ဦးတည်၍စွမ်းအင် နှင့် လျှစ်စစ်သုံးစွဲမှု အနေအထား၊ (၃) ၂၀၁၄ ခုနှစ် ဧပြီလ တွင် စတင်ခဲ့သော အခွန်အခ အသစ် ကို ဦးတည်၍ မကြာမကြာ ပြောင်းလဲသောလျှစ်စစ်ဓာတ်အားခ နှင့် လျှစ်စစ်ဓာတ်အား ဆက်သွယ်ရေး လမ်းကြောင်းများ အပေါ် လေ့လာ တွေ့ရှိချက်နှင့် အထက်ပါကိစ္စ နှင့်ပတ်သက်၍ လျှပ်စစ်သုံးစွဲသူ လူအုပ်စုများ အပေါ် အကျိုး သက်ရောက်ခဲ့မှုများ၊ (၄) လျှစ်စစ်ဓာတ်အား လုပ်ငန်း ဝန်ဆောင်မှု အရည်အသွေး နှင့် ဈေးနှုန်း သတ်မှတ်မှု ကို နားလည်မှု တို့ အပေါ် သုံးစွဲသူများ ၏ သဘောထားအမြင်များ။ **အထက်ပါ ကိစ္စရပ်များနှင့် ပတ်သက်သည့် အချက်အလက်များ ကောက်ယူရန်** PSIA **သည် အရေအတွက် နှင့် အရည်အသွေး ကောက်ယူ**သည့် နည်းလမ်း(၂) မျိုး ကို ပေါင်းစပ် အသုံးပြုမည်ဖြစ်သည်။

**ကမ္ဘာ့ဘဏ်၏ အကာအကွယ်ပေးခြင်းမူဝါဒများ (**OP **၄.၀၁၊ ၄.၁၀ နှင့် ၄.၁၂) နှင့် အညီ ဖြစ်နိုင်ခြေရှိသော လူမှုရေး သက်ရောက်မှု နှင့် အခက်အခဲ များဆိုင်ရာ လေ့လာသုံးသပ်ချက် ကို ၂၀၁၅ခုနှစ် ဇန်နဝါရီလ မှ မတ်လ အတွင်း** PSIA **နှင့်တစ်ပြိုင်တည်း ဆောင်ရွက် ခဲ့ပြီး စီမံချက် ၏ 'ပတ်ဝန်းကျင် နှင့်လူမှုရေး စီမံခန့်ခွဲမှု ဆိုင်ရာ အဆောက်အအုံ** (ESMF) **' သို့ တင်ပြရန်ဖြစ်သည်။** ဤလုပ်ငန်း ကို ကမ္ဘာ့ဘဏ်၏ လမ်းညွှန်မှုဖြင့် ရန်ကုန်မြို့ တွင် အခြေစိုက် သော နိုင်ငံတကာ အကြံပေး တစ်ဦးမှ ဦးဆောင်၍ လျှပ်စစ်စွမ်းအား ဝန်ကြီး ဌာန နှင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လူမှုရေးအကာအကွယ်ပေးမှုများ ဆိုင်ရာ တွဲဖက်ပညာရှင်များ နှင့် အတူ လုပ်ကိုင် ဆောင်ရွက် လျှက်ရှိပါသည်။

PSIA **နှင့်** ESMF အတွက် ပြင်ဆင်မှုများ ပြုလုပ်သည့် ကာလတွင် ဘာသာရပ် နှင့် ဆက်စပ် ကိုယ်စားလှယ်များ/ ပညာရှင် များစွာနှင့် အချက်အလက်များ အတွက် တွေ့ဆုံမေးမြန်းသည့် ဆွေးနွေးပွဲ များကျင်းပခြင်း၊ အဖွဲ့အလိုက်ဆွေးနွေး အကြံပြုချက် အတွေ့အကြုံများ ရယူသည့် အစည်းအဝေးများ ကျင်းပခြင်း၊

ပုံမှန်အကြံပြုချက်များရ ယူသည့် သမရိုးကျ အစည်းအဝေးများကျင်းပခြင်း တို့ကို ပြုလုပ်ခဲ့ပါသည်။ တက်ရောက်ဆွေးနွေးသည့် သူများမှာ ပုဂ္ဂလိက ကဏ္ဍ၊ တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့် အစိုးရကိုယ်စားလှယ်များ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ (အပြည်ပြည်ဆိုင်ရာ၊ နိုင်ငံသား၊ ဒေသခံများ) မှ ကိုယ်စားလှယ်များ၊ လူမျိုးစု အဖွဲ့အစည်း ကိုယ်စားလှယ် များ နှင့် ဒေသခံ လူထု ကိုယ်စားလှယ်များ ပါဝင်ပါသည်။

PSIA **သည် နိုင်ငံတော်အစိုးရမှ ၂၀၁၃ခုနှစ် နိုဝင်ဘာလ က အခွန်တိုးကြောင်း ကြေညာသည့် ဆောင်ရွက်ချက်တစ်ခု အပေါ် နိုင်ငံသားများ၏ သိသိသာ ဆန့်ကျင် ဆန္ဒပြမှုများ ကို တွေ့ရှိခဲ့ရပါသည်။ လျှပ်စစ် လက်လီသုံးစွဲသူများ အတွက် လျှပ်စစ်အခွန်အခများ ကို ၂၀၁၄ ခုနှစ်[၂] ဧပြီလ တွင်ညှိနိုင်းခဲ့ပါသည်။** ဆန်းစစ်မှုတွင် အရေအတွက်ဆန်းစစ်မှု နှင့် အရည်အချင်း ဆန်းစစ်မှု ဟူ၍(၂) ပိုင်းပါဝင်ပါသည်။ PSIA သည် လျှပ်စစ်ဓာတ်အားရရှိမှု၊ လျှပ်စစ်ဓာတ်အား ဖြန့်ချိမှုနှင့် အသုံးပြုနိုင်မှု အနေအထားဆိုင်ရာ အချက်အလက်များကို IHLCA ဆန်းစစ်ချက်စစ်တမ်း အချက်အလက် များကို အဓိကထား အသုံးပြုခဲ့ပါသည်။ Kozel နှင့် Kim တို့ ပြုစုလျှက်ရှိသော နောက်ခံစာစောင်သည် အဆုံးသတ် လျှက်ရှိပြီး နည်းပညာပိုင်း ဆိုင်ရာ ခြုံငုံ သုံးသပ်ချက်များ ပါဝင်ပါသည်။ ထို့အပြင် အရေအတွက် ဆန်းစစ်ချက်ကို အပိုင်း(၂) ပိုင်း ခွဲ၍ဆောင်ရွက်ခဲ့ပါသည်။ပထမပိုင်းကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ/မတ်လ၊ ဒုတိယပိုင်းကို ၂၀၁၅ခုနှစ်[၃] ဖေဖော်ဝါရီ/မတ်လတွင် ဆောင်ရွက်ခဲ့ပါသည်။ ဤဆန်းစစ်ချက် သည် ဆောင်ရွက်လျှက်ရှိသော သုတေသန အစီအစဉ် ဖြစ်သော **'**အသက်မွေးမှုများနှင့် စားနပ်ရိက္ခာဖူလုံ စိတ်ချရေး ရံပုံငွေ (LIFT)**' တွင် ပါဝင်သည် - ကမ္ဘာ့ဘဏ်အတွက်** ပညာအလင်းပွင့် မြန်မာသုတေသန (EMR)' မှ 'လူမှုစီးပွားရေး အရည်အသွေး စောင့်ကြပ်စစ်ဆေးခြင်း (QSEM) 'ကို အကောင်အထည် ဖော်ခဲ့သည်။

ကွင်းဆင်းဒေသများ ရွေးချယ်ရာတွင် ကွဲပြားခြားနားသော ပတ်ဝန်းကျင် အခြေအနေများ၊ လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေများ နှင့် မြို့ပြ/ကျေးလက်ဒေသများ ရှိ လျှပ်စစ်ဓာတ်အား သုံးစွဲသူများ၏ သဘောထားများ ကို သိရှိနားလည်ရန် အရေးကြီးပါသည်။ ပထမအဆင့် တွင် ကျေးလက်ဒေသများ အတွက် ကွဲပြားခြားနားသော လျှပ်စစ်ဓာတ်အား ရရှိမှု ပုံစံများဖြင့် ကွဲပြားခြားနားသော ပြည်နယ်/တိုင်း ဒေသ ကြီးများ ရှိ QSEM ကျေးရွာ (၅၆) ၏ချက်အလက်များကို ဦးတည်၍ စာရင်းကောက် ယူခဲ့သည်။ ဒုတိယအဆင့် တွင် စုစုပေါင်း ကျေးရွာ(၁၃) ရွာ ကို ကောက်ယူခဲ့ပြီး ၎င်းတွင် ဒေသအသစ် (၁၁)[၄] ပါဝင်ပါသည်။

[၁]Kozel နှင့် Kim တို့ ပြုစုသောစာစောင်တွင် '၂၀၀၉ခုနှစ် လူနေမှုအဆင့်အတန်း ဆန်းစစ်ချက်စမ်းတမ်း IHLCA' အချက်အလက်များကို အခြေခံ၍ အရေအတွက်ဆန်းစစ်မှု' ကိုဖော်ပြသွားမည်။
[၂]၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် အခွန်နှုန်းထားများ ညှိနိုင်းမှုပြုလုပ်ခဲ့ပြီးနောက် မြန်မာငွေတန်ဘိုးသိသိသာသာကျဆင်းလာခဲ့သည်။

[၃] PSIA ၏ဆန်းစစ်ချက် အပိုင်း (၂) အချက်အလက်ကို MEPP နည်းပညာအကူအညီအပိုင်း နှင့် NEP စီမံချက် သို့ လက်ရှိတွင် တင်ပြထားပါသည်။
[၄] ပထမ အဆင့်တွင် ကျေးရွာ (၃) ရွာတွင် (၂) ရွာသည် နိုင်ငံတော်အစိုးရ ၏ လျှပ်စစ်လမ်းဆက်သွယ်ရေးလမ်းကြောင်း ကို ရရှိကြောင်းဖော်ပြထား ပြီး အခြားအချက်အလက်များကို ဒေသခံ အဖွဲ့အစည်းများနှင့် ကောက်ယူရရှိခဲ့သည်။

**ကျေးလက်ဒေသများ တွင် အချက်အလက်များ ကောက်ယူရာတွင်** ပထမအဆင့်[၅] **အတွက် စုစုပေါင်း ‘**အဖွဲ့အလိုက် ဆွေးနွေးပွဲ (FGD)’ (၁၀၈)ခု နှင့် ‘အဓိကအ ချက်အလက်များ မေးမြန်းခြင်း (KII)’ (၇၈) ခု **(စွမ်းအင် သုံးစွဲမှုဆိုင်ရာ မေးခွန်းတို)** ပါဝင်ပြီး၊ ဒုတိယအဆင့် အတွက် FGD (၈၉)ခု နှင့် KII (၄၂)ခု ပါဝင်ပါသည်။ ထို့အပြင် နိုင်ငံတော်အစိုးရ ၏ လျှပ်စစ်ဆက်သွယ်ရေးလမ်းကြောင်း ကို ရယူသုံးစွဲရာ တွင် သုံးစွဲနိုင်သည့် အင်အားနှင့် ငွေရေးကြေးရေး ကွာဟချက်များကို သိရှိရန် မေးခွန်းတိုကို အသုံးပြု၍ တစ်နေရာလျှင် ကျေးလက် အိမ်ထောင်စု စုစုပေါင်း(၃၅)ခု ကို မေးမြန်းခဲ့ပါသည်။ (စုစုပေါင်း ၅၂၅ စု ကို မေးမြန်း စာရင်းကောက်ယူခဲ့ ပါသည်)

ပထမအဆင့် အနေဖြင့် ချင်းပြည်နယ်၏ မြို့တော်ဖြစ်သော ဟားခါးမြို့ အပါအဝင် ရန်ကုန်နှင့် မန္တလေး ရှိ အဓိက ကျသော မြို့ပေါ် ဒေသများ တွင် KII (၃၀၀) ခုနှင့် FGD (၆)[၆]ခု မှ အချက်အလက်များ မေးမြန်း စာရင်းကောက် ယူခဲ့ပါသည်။ ထို့အပြင် မြို့ပေါ်ဒေသများရှိ အိမ်ထောင်စု (၃၁၅)စု ကို နိုင်ငံတော်အစိုးရ၏ ဆက်သွယ်ရေး လမ်းကြောင်း[၇] ကို ရယူသုံးစွဲရာ တွင် သုံးစွဲနိုင်သည့် အင်အားနှင့် ငွေရေးကြေးရေး ကွာဟချက်များနှင့် ပတ်သက်သည့် အချက်အလက်များကို မေးမြန်း စာရင်းကောက်ယူခဲ့ ပါသည်။

**’အိမ်ထောင်စုများ၏ နေထိုင်မှု အခြေအနေ အရပ်ရပ်ကို အကဲဖြတ်သည့် ဆန်းစစ်ချက်စစ်တမ်း (IHLCA) ’ အချက်အလက်များအရ မြန်မာနိုင်ငံ တွင် ရှိသော အိမ်ထောင်စုများအနက် ၂၈% သည် အများပြည်သူနှင့် အဆက်အသွယ်ရှိခဲ့ပြီး ကျေးလက် နှင့် မြို့ပြ ကွာဟချက် များ ရှိကြောင်းတွေ့ရှိရပါသည်။ မြို့ပေါ်အိမ်ထောင်စုများ ၏ ၇၇% သည် အများပြည်သူသုံး လျှစ်စစ်လိုင်းနှင့်အဆက်အသွယ်ရှိခဲ့ပြီး၊ ကျေးလက် ဒေသများတွင်မူ အိမ်ထောင်စုများ၏ ၁၀% သာ အများပြည်သူသုံး လျှစ်စစ်လိုင်းနှင့်အဆက်အသွယ်ရှိခဲ့ပါသည်။** နောက်ထပ်၁၅% ကို ပုဂ္ဂလိက ဖြန့်ဝေမှုမှ ဝယ်ယူသုံးစွဲခဲ့ပါသည်။ (မြို့ပေါ်အိမ်ထောင်စုများ ၏ ၉%၊ ကျေးလက်ဒေသ နေအိမ်ထောင်စုများ ၏ ၁၈%)။ နောက်ထပ် ၅% သည် အများနှင့်ဆိုင်သော မီးအားပေးစက် (သို့မဟုတ်) ပုဂ္ဂလိက မီးအားပေးစက်ကို သုံးကြောင်း၊ ၇%သည် အလင်းရောင်အတွက် ဘက်ထရီ ကို အသုံးပြု ကြောင်း တွေ့ရှိရ ပါသည်။ IHLCA စစ်တမ်း အချက်အလက်များအရ ခြုံငုံသုံးသပ်ရလျှင်ယုံကြည်စိတ်ချရသည့် လျှစ်စစ်ဓါတ်အားရရှိမှုတွင် ပြည်သူလူထုအတွင်း နှင့် အိမ်ထောင်စုများတွင် ကွာဟမှုများ သိသာထင်ရှား စွာရှိနေကြောင်းဖေါ်ပြနေပါသည်။ သေချာသည့် လျှပ်စစ်ပုံမှန် ဖြန့်ဖြူးမှု မရှိသော်လည်း လျှပ်စစ်ဓါတ်အား ရရှိရေးအတွက် အခြားနည်းလမ်းများ တီထွင်ဖန်တီးမှုများ ပြုလုပ်ခဲ့ပါသည်။

ခြုံငုံသုံးသပ်ရလျှင်၊ အများပြည်သူသုံး လျှစ်စစ်လိုင်းနှင့် အဆက်အသွယ်များသော အိမ်ထောင်စုများသည် များသောအားဖြင့် မြို့ပေါ်ဒေသများတွင် နေထိုင် ကြပြီး ပုဂ္ဂလိက (သို့မဟုတ်) အများနှင့် မျှဝေသုံးစွဲရသော အိမ်ထောင်စုများထက် ပိုကြွယ်ဝ ကြပါသည်။ လျှပ်စစ်ဓာတ်အား ရရှိရေးသည် ဝင်ငွေနှင့် အထူး ဆက်စပ်မှု ရှိပါသည်။ ပြည့်စုံ ကြွယ်ဝသော အိမ်ထောင်စုများသည် (အထူးသဖြင့် အများပြည်သူသုံး လျှစ်စစ်လိုင်း) နွမ်းပါးသော အိမ်ထောင်စုများ ထက် လျှပ်စစ်ကို ပိုသုံးစွဲလိုကြသည်။

IHLCA ဆန်းစစ်ချက် စစ်တမ်းအချက်အလက်များအရ အများသုံး ဆက်သွယ်ရေးလမ်းကြောင်း နှင့် ဆက်သွယ်ထားသော အိမ်ထောင်စုများ သည် စုစုပေါင်း အသုံးစရိတ်၏ ၁. ၄% သည် လျှပ်စစ်ဓာတ်အား အတွက်ဖြစ်ပြီး၊ မျှဝေသုံးစွဲမှုသည် ဝင်ငွေပျံ့နှံ့မှု အတိုင်း ပုံမှန် မျှမျှတတ သုံးစွဲ သည်။ ပုဂ္ဂလိက လျှပ်စစ်ဖြန့်ဝေသူများ၏ ပြောကြားချက်အရ စုစုပေါင်း သုံးစွဲသူအသုံးစရိတ်များ၏ ၂. ၂%သည် လျှပ်စစ်ဓာတ်အား အတွက်ဖြစ်ပြီး၊ မျှဝေသုံးစွဲမှု သည်လည်း ဝင်ငွေပျံ့နှံ့မှု အတိုင်း ပုံမှန်မျှမျှတတ သုံးစွဲကြောင်း သိရှိခဲ့ရသည်။ လျှပ်စစ် ဓာတ်အား သုံးစွဲမှု ကျဆင်းရခြင်းမှာ လျှပ်စစ်အခွန်အခ များသတ်မှတ်သည့် ပုံစံများ နှင့် အထောက်အကူပြုမည့် ဖြစ်သင့်ဖြစ်ထိုက်သော အခွန်အခ တို့ကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံ တွင် အိမ်ထောင်စုတော်တော်များများ သည် အထောက်အကူပြု အခွန်အခအောက် (လက်ရှိတွင်အထောက်အကူပြု အခွန်အခသည် တစ်လလျှင် ၁၀၀ ကီလိုဝဒ်သတ်မှတ်သည်) သုံးစွဲသည် - မြို့ပြဒေသများ ရှိ အိမ်ထောင်စုများ၏ ၃၀% သည် တစ်လ လျှင် ၅၀ ကီလိုဝဒ် နှင့် အောက်သုံးစွဲပြီး၊ ၆၆% သည် တစ်လ လျှင် ၁၀၀ ကီလိုဝဒ် နှင့် အောက်သုံးစွဲသည်။ ကျေးလက်ဒေသများရှိ အိမ်ထောင်စုများ၏ ၅၃% သည် တစ်လ လျှင် ၅၀ ကီလိုဝတ်နာရီ နှင့် အောက်သုံးစွဲပြီး၊ ၈၈% သည် တစ်လ လျှင် ၁၀၀ ကီလိုဝဒ် နှင့် အောက်သုံးစွဲသည်။ ခြုံငုံကြည့်လျှင် လက်ရှိ အခွန်ဆောင်ခသည် သင်တင့်မျှတပြီး လက်ရှိလျှပ်စစ်ရရှိသူများ သည် ဆက်လက်သုံးစွဲနိုင်သည့် အနေအထားတွင်ရှိသည်။

လျှပ်စစ်ဓာတ်အားရရှိသော ကျေးလက်နှင့် ရပ်ကွက်များ အတွင်း ရှိ အိမ်ထောင်စုတိုင်း လျှပ်စစ်ဓာတ်အား ဆက်သွယ်မှု မပြုလုပ်ထားကြောင်းထူးခြားစွာ တွေ့ရှိရသည်။ ရပ်ကွက်/ကျေးရွာများ၏ လျှပ်စစ်ဓာတ်အားသုံးစနစ် ပြောင်းသည့်နှုန်း သည် အိမ်ထောင်စုတစ်စုခြင်း အတွက် ပြောင်းပေးသည့်နှုန်း ထက် သိသိသာသာ မြင့်ခဲ့သည်။ IHLCA ဆန်းစစ်ချက် စစ်တမ်းအချက်အလက်များအရ ရပ်ကွက်များ (သို့မဟုတ်) ကျေးလက်များ၏ ၄၁%သည် လူထုလျှပ်စစ် ဆက်သွယ်ရေး လမ်းကြောင်း နှင့် ဆက်သွယ်ထားခဲ့ပြီး၊ ၁၃% သည် အများသုံးလျှစ်စစ်လိုင်း နှင့် ၅၀% သော အိမ်ထောင်စုများ သည် ပုဂ္ဂလိက လျှပ်စစ်ဖြန့်ဝေသူများ ထံမှ အသုံးပြုခဲ့ကြသည်။ ခြုံငုံကြည့်လျှင် ရပ်ကွက်များ နှင့် ကျေးလက်များ၏ ၇၈%တွင် လျှပ်စစ်ဓာတ်အားပေးသည့် စနစ်အချို့ ရှိကြသည် (ဥပမာ၊ လူထု၊ ပုဂ္ဂလိက၊အများသုံး)။ လျှပ်စစ်ဓာတ်အား ရရှိသော ၄၀ ရာခိုင်နှုန်း သောကျေးလက်နှင့် ရပ်ကွက်များ အတွင်း ရှိ အိမ်ထောင်စု အားလုံးနီးပါး လျှပ်စစ်ဓာတ်အား ရရှိကြသည်။ သို့သော် ကျန်သည့် ၆၀%သော ကျေးလက်နှင့်ရပ်ကွက်များ တွင် လျှပ်စစ်ဓာတ်အားသုံးစနစ်ပြောင်း သည့်နှုန်း သိသာစွာမြင့်လျက်ရှိသည်။

အိမ်ထောင်စု အနည်းငယ်တွင်သာ လျှပ်စစ်ဓာတ်အား ၂၄/၇ ရရှိပါသည်။ ထူးခြားချက်မှာ အိမ်ထောင်စုဝင်ငွေနှင့် စိတ်ချရသည့် လျှပ်စစ်ဓာတ်အားဖြန့်ဝေမှု (တစ်ရက်တွင် ရရှိနိုင်မည့် ပျမ်းမျှနာရီဖြင့် တွက်ချက်ပါသည်) သည် သိသာစွာ ဆက်နွယ်မှု မရှိကြောင်း တွေ့ရှိရသည်။ ပြည်သူလူထု ဆက်သွယ်ရေးလမ်းကြောင်း နှင့် ဆက်သွယ်သော အိမ်ထောင်စုများ သည် တစ်ရက်လျှင် ပျမ်းမျှ ၁၂ နာရီ ရရှိပြီး ပုဂ္ဂလိက လျှပ်စစ်ဖြန့်ဝေသူများ နှင့် ဆက်သွယ်သော အိမ်ထောင်စုများ သည် တစ်ရက်လျှင် ပျမ်းမျှ ၁၀-၁၁ နာရီ ရရှိသည်။

အခြား အချက်အလက်များ၏ ရိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှုသည် လက်ရှိတွင် မြန်မာနိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုများ နှင့် ချိတ်ဆက်ထားသော အိမ်ထောင်စုများနှင့် သက်ဆိုင်သည်ဟု IHLCA ဆန်းစစ်ချက်စစ်တမ်း စာရင်းဇယားများက အကြံပြု ထားကြောင်း သိရသည်။ ဤတွေ့ရှိချက်အရ ငွေကြေးတတ်နိုင်သော အိမ်ထောင်စုများ သည် လက်ရှိအခြေအနေတွင် နွမ်းပါးသော အိမ်ထောင်စုများထက် ဆက်သွယ်ရေးလမ်းကြောင်း နှင့် ဆက်သွယ်နိုင်သည်ကို သဘောပေါက်ရန် အရေးကြီးပါသည်။ ကျေးလက်ဒေသအတွင်း အရေအတွက် လေ့လာဆန်းစစ်ချက် အရ လျှပ်စစ်ဓာတ်အားကော်မတီများနှင့် ပုဂ္ဂလိကကုမ္ပဏီများ ၏သတ်မှတ်နှုန်းထား သည် လျှပ်စစ်စွမ်းအားဝန်ကြီးဌါန မှ သတ်မှတ်ထားသော နှုန်းထားထက် သိသာထင်ရှားစွာ များနေကြောင်း ဖေါ်ပြထားပါသည်။ လာမည့် ဆန်းစစ်ချက် သည် NEP အစီအစဉ်များ အတိုင်း ဖြစ်မည်ဖြစ်ပြီး၊ ယင်းဆန်းစစ်ချက်တွင် လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုများရသော အိမ်ထောင်စုများ ထပ်တိုးခြင်းနှင့် လက်ရှိတွင် ဆက်သွယ်ရေးလမ်းကြောင်း မရှိသော သွားလာရေးခက်ခဲပြီး အခက်အခဲများရှိသော အိမ်ထောင်စုများရှိသည့် ဒေသများကို တိုး၍ လေ့လာသွားမည်ဖြစ်သည်။

*ကျေးလက်ဒေသများ နှင့် မြို့ပြ ဒေသများ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် အဟန့်အတားအခက်အခဲများ*

'ကိုယ်ထူကိုယ်ထ ချဉ်းကပ်၍ စိတ်ချရသော လျှပ်စစ်ဓာတ်အားသုံးစနစ်ပြောင်းခြင်း - (SRE)' သည် အစိုးရ၏ ငွေကြေးအထောက်အပံ့ မရသော အစိုးရ လျှပ်စစ်ဓာတ်အား ဆက်သွယ်ရေးလမ်းကြောင်း ရှိရာဒေသအတွင်းရှိ ဒေသခံများက ကိုယ်ထူကိုယ်ထ ကိုယ်ပိုင်ရံပုံငွေဖြင့် အစိုးရလျှပ်စစ်ဓာတ်အား ဆက်သွယ်ရေးလမ်းကြောင်းနှင့် ချိတ်ဆက်နေခြင်းဖြစ်ပါသည်။ ကျေးလက်ဒေသများ အတွက် လျှပ်စစ်ဓာတ်အား ရရှိရေးတွင် ကန့်သတ်ချက်ရှိနေပါသည်။ ထို့ ကြောင့် လျှပ်စစ်ဓာတ်အား ဆက်သွယ်ရေးလမ်းကြောင်း အပါအဝင် အဓိက ထပ်ဆင့်ပေးပို့နိုင်သည့် လမ်းကြောင်း မှဆက်သွယ်ရန် ကုန်ကျစရိတ်ကို ကျေးရွာများမှ ကျခံရမည်ဖြစ်သည်။

SRE ကို ကြီးကြပ်ရန် တာဝန်ရှိသော  လျှပ်စစ်ဓာတ်အား ကုမ္ပဏီများရှိ ဦးစီးဌာန များ သည် သတ်မှတ်နည်းပညာ အထောက်အပံ့ ကို  ပြုလုပ်ပေးသည်။ လျှပ်စစ်ဓာတ်အားကော်မတီများ ၏ အခန်းကဏ္ဍ တွင် ကျေးရွာအုပ်စု အဆင့်တွင် SRE ကို ကြီးကြပ်ရန် စည်းမျဉ်းစည်းကမ်း အနည်းငယ် ရှိသည်။ လျှပ်စစ်ဓာတ်အားကော်မတီများ ကိုယ်တိုင် ပေးဆောင်သင့်သည့် လျှပ်စစ်ဓာတ်အား နှုန်းထား သတ်မှတ်ပေးခြင်း အပါအဝင် ကော်မတီဝင်များ ၏ အကြောင်းအရာများ စုစည်းခြင်းနှင့် ကော်မတီဝင်များ ရွေးချယ်ခြင်း၊ ကော်မတီဝင်များ၏ တာဝန် နှင့် အခန်းကဏ္ဍ၊ တာဝန်များခွဲဝေခြင်း၊ ငွေရေးကြေးရေး စီမံခန့်ခွဲမှု နှင့် ခွဲဝေသုံးစွဲမှု အစီအစဉ်များ၊ ချက်အလက်များ ဖော်ထုတ်ခြင်း၊ ဒေသတွင်း လုပ်သားအင် အားစုစည်းခြင်း နှင့် လုပ်ငန်းအစီအစဉ်များ၊ ကို သမာသမတ်ကျကျ ဆုံးဖြတ်ချက်များ ပေးရမည်။ ဤသို့စီစဉ်ထားခြင်းဖြင့် ဖွဲ့စည်းအုပ်ချုပ်မှု နှင့် အုပ်ချုပ်မှုဆိုင်ရာ စိန်ခေါ်မှုများ ကို သိရှိနိုင်ပြီး တစ်ခါတစ်ရံ လျှပ်စစ်ဓာတ်အားခ သည် အစိုးရသတ်မှတ်သော နှုန်း

အထက်သို့ရောက်နိုင်ပါသည်။ SRE အတွက် ပြင်ပ မှ သတ်မှတ်အထောက်အပံ့ နှုန်း အတူ လူမှုရေး ပေါင်းစည်း ညီညွတ်မှု၊ လူမှုရေးအရင်းအနှီး နှင့် ကျေးလက်အဆင့် ခေါင်းဆောင်အရည်အသွေး တို့သည် ယင်းကျေးလက်ဒေသအတွက် အစိုးရ၏ လျှပ်စစ်ဓာတ်အားဝန်ဆောင်မှု အခွင့်အလန်းများ ရရှိရေး အတွက် အဓိက အဆုံးအဖြတ်ပေးနိုင်သော အချက်များဖြစ်သည်။

လျှပ်စစ်ဓာတ်အား ဆက်သွယ်ရေးလမ်းကြောင်းနှင့် ဆက်သွယ်ထားသော ကျေးရွာများတွင် (သို့မဟုတ် - ဒေသတွင်း ကိုယ်ထူကိုယ်ထ နည်းဖြင့် လျှပ်စစ်ဓာတ်အား ရရှိထားသောကျေးလက်) လူလတ်တန်းစား နှင့် ဝင်ငွေနည်းသော အိမ်ထောင်စုများတွင် လူများစုသည် လျှပ်စစ်ဓာတ်အား မရရှိသေးသည်ကို တွေ့ရှိရသည်။ ယင်းအိမ်ထောင်စုများ အတွက် ကျေးရွာလျှပ်စစ်ဓာတ်အား ဆက်သွယ်ရေးလမ်းကြောင်း ဆက်သွယ်ရန် အကုန်အကျ မခံနိုင်ပါ။ ထို့အပြင် အစီအစဉ်ရေးဆွဲသည့် အဆင့် များတွင် ထိုဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများ မပါဝင်ကြောင်း သုတေသနအဖွဲ့မှ မှတ်ချက်ပြုထားသည်။ အကြောင်းရင်းမှာ ကျေးရွာခေါင်းဆောင်များ/ပြည့်စုံသူများ က ထိုအိမ်ထောင်စုများ သည် အကုန်အကျ မခံနိုင်သည် အနေအထားဟုသတ်မှတ်ပြီး အစည်းအဝေးများတွင် ၎င်းတို့ကို မဖိတ်ကြားခြင်းကြောင့် ဖြစ်ပါသည်။ သွားရောက်ခဲ့သည့် ဒေသများ ရှိ အဆိုပါ လျှပ်စစ်ဓာတ်အား မရရှိသည့် အိမ်ထောင်စုကိစ္စသည် အခြား လူမှုရေး အချက်အလက်များ (ဥပမာ။ လူမျိုး၊ နိုင်ငံရေး (သို့မဟုတ်) ဘာသာရေးနှင့်ဆက်နွယ်မှု) ကို အခြေခံသည့် သာဓကများမရှိ ကြောင်းမှတ်ချက်ပြုပါသည်။ ဆင်းရဲသော ကျေးလက်များ နှင့် အိမ်ထောင်စုများသည် လျှပ်စစ်ဓာတ်အား ဆက်သွယ်ရေးလမ်းကြောင်း ဆက်သွယ်ရန် အကုန်အကျ မခံနိုင်ခြင်းကြောင့် သာ ပူးပေါင်း မပါဝင်နိုင်ခြင်း သာ ဖြစ်သည်။ အပြန်အလှန် အထောက်အပံ့ပြုသည့် သာဓကများလည်း မရှိကြောင်း လေ့လာခဲ့ရပါသည်။ (မိမိကျေးရွာတွင်းမှာ ပင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများ အဆင်ပြေစွာ လျှပ်စစ်ရရှိမည့် အစီအစဉ်များပြု လုပ်ပေးသည့်နေရာ များ)

ကျေးရွာအဆင့် လူမှုရေး ရင်းနှီးမြှုပ်နှံမှု သည် လျှပ်စစ်ဓာတ်အား သုံးစွဲမှုအတွက် ဖြေရှင်းရာ၌ အရေးပါသော အခန်း ကဏ္ဍဖြစ်ပြီး၊ ဤ ကဏ္ဍအတွက် ကျေးလက်ဒေသ များတွင် ကိုယ်ထူကိုယ်ထ စည်းရုံးဆောင်ရွက်ခြင်း သည် အရေးကြီးသည်။ ကိုယ်ထူကိုယ်ထနည်းဖြင့် လျှပ်စစ်ဓာတ်အားစနစ် ပြောင်းခြင်းဆိုင်သည်မှာ ကျေးရွာ၏ချမ်းသာ ကြွယ်ဝမှု၊ ခေါင်းဆောင်မှု အရည်အသွေး အပြင် ယင်းကျေးရွာရှိသည့် မြို့နယ် နှင့် ဒေသ ESE ရုံးများနှင့် ဆက်သွယ် ဆောင်ရွက်ခြင်းများသည်လည်း ဆုံးဖြတ်ချက်ပေးသည့် အပိုင်းတစ်ခုဖြစ်သည်။ လုပ်ငန်းစဉ်ဆိုင်ရာ သတင်း အချက်အလက်များ ရရှိရေးသည် သွားရောက်ခဲ့သော ဒေသများ တစ်လျှောက်ရှိ ပြည်သူလူထု တစ်ဦးနှင့် တစ်ဦး ဆက်သွယ်ဆောင်ရွက်မှု အပေါ်တွင် တည်နေပါသည်။ ဒေသတွင်း စည်းရုံးရာတွင် ကျေးရွာ လျှပ်စစ်ကော်မီတီ ၏ စွမ်းဆောင်မှု (သို့မဟုတ်- တိကျစွာပြောရလျှင် ပို၍အဆင်ပြေအောင်ဆောင်ရွက်နိုင်သော ဒေသတွင်း ဌာနခွဲများ ) ရရှိရေးအတွက် အဆုံးအဖြတ်ပေးသော အချက်တစ်ရပ်ဖြစ်သည်။

ပိုမိုတိကျသော ဆန်းစစ်မှု ကို ဆောင်ရွက်လျှက်ရှိသည့် ကျေးရွာလျှပ်စစ်ကော်မီတီများ (VECs) လုပ်ငန်းစဉ်များကို ဆင်းရဲနွမ်းပါးမှု နှင့် လူမှုအကျိုးပြု ဆန်းစစ်မှု (PSIA) ၏ လုပ်ငန်းစဉ် - ၂ (Phase II) အောက်တွင် ဆောင်ရွက်သွားသည်။ အစိုးရ လျှပ်စစ်ဓါတ်အား ဆက်သွယ်ရေးလမ်းကြောင်း ကို ကျေးရွာများရှိ VECs ၏လုပ်ငန်းဖွဲ့စည်းမှု နှင့် အုပ်ချုပ်မှု ဖြင့် နေရာဒေသ အသီးသီးသို့ ထိရောက်စွာ ဆက်သွယ်ပေးခဲ့သည်။ မှတ်ချက်ပြုထားသည့် အတိုင်း PSIA ၏ လုပ်ငန်းစဉ် - ၁ (Phase I) ဆောင်ရွက်စဉ်ကာလတွင် SRE နည်းလမ်း သည် VEC လုပ်ငန်းစဉ်များ နှင့် မြို့နယ်အဆင့် လျှပ်စစ်ဦးစီးဌာနများ အတွက် ပြည့်စုံမှုမရှိသော လမ်းညွှန်မှုဖြင့် လူစွမ်းအား အရင်းအမြစ်များ၊ နည်းပညာ (သို့မဟုတ်) ငွေရေးကြေးရေး လိုအပ်ချက်များ ပံ့ပိုးမှု မရှိဘဲ VEC လုပ်ငန်းစဉ်များ ကို လစ်လျူ ရှုခဲ့သည်။

ဦးတည်ဆောင်ရွက်ရမည့် ကျေးရွာများ ရှိ VEC အားလုံးသည် ဒေသဆိုင်ရာ အစိုးရနှင့် အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် အနီးကပ် ဆက်သွယ်မှု ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများ (VA) ဒေများ သည် ကော်မီတီ ၏ လုပ်ငန်းနှင့် ဖွဲ့စည်း ထူထောင်မှု တွင် စနစ်တကျ ပါဝင်နေပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးများ သည် VEC တွင် အဖွဲ့ဝင်များ အဖြစ် ပါဝင် နေသည်မှာ သာဓက တစ်ခုဖြစ်သည်။ ရပ်ကွက် အတွင်းရှိ ဘာသာရေးခေါင်းဆောင်များ ချမ်းသာကြွယ်ဝ သော အိမ်ထောင်စုများ ၊ VEC နှင့် စနစ်တကျ ပူးပေါင်းမှု နည်းပါးပါသည်။ သို့သော် ဩဇာ အာဏာ ရှိသော ဒေသဆိုင်ရာ (သို့မဟုတ်) နိုင်ငံတော် အစိုးရ ၏ လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်းကို လွယ်ကူလျှင်မြန်သော ဓာတ်အားဆက်သွယ်မှု လမ်းကြောင်း၊ ကိုယ်ပိုင်ရံပုံငွေ သုံးစွဲ၍ ထောက်ပံ့မှု၊ လွယ်ကူလျှင်မြန်စွာရနိုင်သည့် ချေးငွေ နှင့် နည်းပညာ ရပ်ဆိုင်ရာ အထောက်အကူ တို့ဖြင့် အရှိန်မြှင့် လုပ်ဆောင်ရာတွင် ချမ်းသာကြွယ်ဝ သော အိမ်ထောင်စုများ ၏ ဩဇာလွှမ်းမိုးမှု/ဆုံးဖြတ်ချက်ချမှု အခန်းကဏ္ဍသည် မကြာခဏ ပါဝင်ခဲ့ပါသည်။ (VEC ဖွဲ့စည်းမှု နှင့် ၎င်း၏လုပ်ငန်းစဉ်များအပေါ် သုံးသပ်ချက်ကို ဇယား (၁၀) တွင် ကြည့်ရှုပါ။)

ကျေးရွာ လျှပ်စစ်ကော်မီတီဖွဲ့စည်းမှု၊ အစီရင်ခံသည့် အစီအစဉ်များ နှင့် ကျယ်ပြန့်သည့် ဒေသများ၏ ဆက်သွယ်မှု များကို ကျေးရွာအုပ်ချုပ်မှု ဖြင့် ကျယ်ပြန့်စွာ လုပ်ဆောင်စေသည်။ PSIA Phase II တွင် ကျေးရွာ (၈) ခု အနက် (၆)ရွာ တွင် အစိုးရ၏ လျှပ်စစ်ဓာတ်အား ဆက်သွယ်မှု ရရှိပြီးဖြစ်သည်။ အိမ်ထောင်စုများ နှင့် ကျယ်ပြန့်သော ဒေသများ တွင် ရုပ်ပိုင်းဆိုင်ရာနှင့် ငွေရေးကြေးရေးဆိုင်ရာ တိုးတက်မှု အကောင်အထည် ဖော်ခြင်းအတွက် ပုံမှန် အစီရင်ခံခြင်း မရှိပါ။ VEC အများစု (VEC (၈)ခု တွင် (၇)ခု ပါဝင်သည်) တွင် သတ်မှတ်စာရင်းကိုင် တစ်ဦးနှင့် ငွေရေးကြေးရေးကိစ္စ ဆိုင်ရာ ပုံမှန်မှတ်တမ်းများထိန်းသိမ်းမှုများ ပါဝင်သည်။အိမ်ထောင်စုများ နှင့် ကျယ်ပြန့်သော ဒေသများ၏ တွေ့ရှိသုံးသပ်ချက်များလည်း ပါဝင်ပါသည်။ သို့သော် လေ့လာချက် (၈)ခု တွင် (၆)ခု တို့တွင် ကျယ်ပြန့်သော ဒေသများ အတွက် SRE များ ၏ ကုန်ကျစရိတ်၊ ကန်ထရိုက်များ ရွေးချယ်ခြင်း အစီအစဉ်၊

ပြုပြင်ထိန်းသိမ်းစရိတ် တွက်ချက်ခြင်း တို့ အတွက် အသိပညာပေးမှုတွင် ကန့်သတ်ချက်ရှိပါသည်။ ထိုမှတ်တမ်းများမှ သုံးသပ်ချက်နှင့် အကြံကောင်းများ အမှန်တကယ်ရရှိ နိုင်သည်။

PSIA အဆင့် (၂) ကို လေ့လာဆန်းစစ်ပြီးနောက် ဆင်းရဲနွမ်းပါးပြီး အခက်အခဲများရှိနေသော အိမ်ထောင်စုများ ချန်လှပ်ထားမှုကို PSIA အဆင့် (၁) ဆောင်ရွက်စဉ် အတည်ပြုခဲ့ပါသည်။ SRE ၏ သဘောသဘာဝ အရ လည်း ကောင်း၊ ဦးတည်ထောက်ပံ့မှု၌ လမ်းညွှန်မှုပေးခြင်း မရှိခြင်းကြောင့် လည်းကောင်း၊ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများ သည် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၌ VECs ပါဝင်ခြင်းမရှိခဲ့ပါ။ VEC အားလုံးသည် လုပ် ငန်းစဉ် များ မစခင်ကပင် လေ့လာမည့် နေရာ၌ စီမံချက်အတွက် မည်သည့်အိမ်ထောင်စုများ သည် တတ်နိုင်/မတတ်နိုင်ကို ဆုံးဖြတ်ချက် ချထားပြီးဖြစ်သည်။ လျှပ်စစ်ဓာတ်အားဆက်သွယ်ရေးအတွက် ငွေကြေးထည့်ဝင် သူများသည် ချမ်းသာ အဆင်ပြေသော အိမ်ထောင်စုများ ဖြစ်ကြသည်။ ယင်းကျေးရွာများသည် လူမှုရေးအရ စည်းလုံးမှု /ရင်းနှီးမြုပ်နှံမှု အဆင့် မြင့်မားသော်လည်း ပူးပေါင်းပါဝင် ဆွေးနွေးခြင်း/ပူးပေါင်းပါဝင်ဆောင်ရွက်သည့်အစီအစဉ်များ တွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများအား ပူးပေါင်းပါဝင်ခွင့် ပေးခြင်း မရှိပါ။

ထို့အပြင် VECs များနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် အမျိုးသမီးများ ကို အစီအစဉ်ကျကျ ထည့်သွင်းထားခြင်း မရှိသည်ကို နမူနာကျသည့် ကျေးရွာတစ်ရွာတွင် ချွင်းချက်အနေဖြင့် တွေ့ရှိရသည်။ - အခြားသာဓကများတွင်လည်း အမျိုးသမီးများ သည် ပူးပေါင်းပါဝင်မှု၌ အရည်အချင်း မပြည့်ဝ ဟုယူဆကြသည်။ VECs က အမျိုးသမီးများ အား ထည့်သွင်းပါဝင်စေခြင်း မပြုရန် အကြံပေးခဲ့သည့် အချိန်တွင် မြို့နယ် လျှပ်စစ်ဓာတ်အားဦးစီးဌာန ကလည်း အမျိုးသမီးများ ညနေခင်းအချိန်များ တွင် အလုပ်လုပ်လျှင် တာဝန်အလွန်ကြီးသဖြင့် ၎င်းတို့ကို တာဝန်ပေးသည့်စာရင်းမှ ဖယ်ပြစ်ရန် တောင်းဆိုခဲ့သည်။ ချင်းပြည်နယ်ရှိ ရွာတစ်ရွာ (ရွာ -၁ ) ရှိ VECတွင် မျိုးသမီးတစ်ဦးပါဝင်သည်။ ဤကိစ္စကို ကျင်းပနေသော သင်တန်း (INGO အထောက်အပံ့ဖြင့် ပြုလုပ်နေသော ကျား/မဆိုင်ရာ ရေအရင်းအမြစ်စီမံခန့်ခွဲရေး ပူးပေါင်းဆောင်ရွက်မှု) သို့ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ တစ်ဆင့် သတင်းပေးသူများမှ သတင်းထွက်လာခြင်းဖြစ်သည်။ ဒေသအခြေခံသော ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ စီစဉ်ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ပူးပေါင်းဆောင်ရွက်မှု /ခေါင်းဆောင်မှု အပိုင်းသည် အရေးကြီးကြောင်း သင်တန်းတွင် တင်ပြသွားသည်။ အထက်ဖော်ပြပါ ကိစ္စ တစ်ခုရှိခဲ့သော်လည်း ရွေးချယ်ထားသောကျေးရွာများတွင် ဒေသများ/လူမျိုးအုပ်စုများလူမှုရေး အရ ဘေးဖယ်ထားခြင်း နှင့် ဒေသတွင်း ပူးပေါင်း ပါဝင်မှုတွင် ဘေးဖယ်ထားခြင်း မရှိ သည်ကို တွေ့ရှိခဲ့ရသည်။ လုပ်ငန်း စဉ်များ ၏ အကောင်းဆုံး ဆောင်ရွက်ချက်များ နှင့် လူထုအဖွဲ့အစည်းအတွင်း ကန့်သတ်ချက်များထားသော ဆက်သွယ်မှု ကို ခြုံငုံလေ့လာ တွေ့ရှိခဲ့သည်။ PSIA အဆင့် (၂) ကျေးရွာ နှစ်ခု ပေါင်းစပ်နေသည် -မွန်ပြည်နယ် ကျေးရွာအမှတ် (၁၇) နှင့် ရှမ်းပြည်နယ်တွင် အမှတ် (၆) ကျေးရွာ (၂)။ မွန်ပြည်နယ်တွင် ကျေးရွာ လျှပ်စစ်ဓာတ်အား ရရှိရေး အစီအစဉ် နှင့် VEC ကို ကိုယ်စားပြုသော အုပ်စုများ ဖြင့် ဖွဲ့ရန် ကျေးရွာကို ပလောင် (၂၀%)၊ မြန်မာ (၄၅%) နှင့် ကရင် (၃၅%)

ဖြင့် ဖွဲ့ ထားသည်။ မြန်မာ နှင့် ကရင် သည် အစိုးရအဖွဲ့အစည်း များ ၌ တိုက်ရိုက် ဆက်သွယ်ရန် ရည်ရွယ်ခဲ့သော်လည်း လျှပ်စစ်ဓာတ်အား အစီစဉ်၏ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်း ဆိုင်ရာ အကျိုး ကျေးဇူးများ ကို အကျိုးသက်ရောက်မှု မရှိပါ။ ဆင်းရဲသော အိမ်ထောင်စုများ ကို ဘေးဖယ်ထား သည့်ကိစ္စ များ လူမျိုးစု အတွင်းတွင် မတွေ့ရှိရပါ။ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အိမ်ထောင်စု၏ စွမ်းဆောင်ရည် သည် အိမ်ထောင်စု ဝင်ငွေနှင့်သက်ဆိုင်ခြင်းမရှိပါ။ ရှမ်းပြည်နယ် - ရွာ (၆) ကိစ္စတွင် လျှပ်စစ်ဓာတ်အား ကို ပုဂ္ဂလိက ကုမ္ပဏီ (ရေအားလျှပ်စစ်) ကြီးတစ်ခုက ထောက်ပံ့ ခဲ့သည်။ ယင်းရွာသည် ရှမ်းလူမျိုး အဓိက ဖြစ်သော (၂၀%) ပလောင် အိမ်ထောင်စုများ ဖြစ်သည်။ ကျေးရွာ အစွန်အဖျား ဆင်ခြေဖုံး တွင်နေသော ပလောင်အိမ်ထောင်စုများ ၏အထူးသဖြင့် မြေယာမဲ့ လယ်သမားနှင့် နေ့စားအလုပ်ကြမ်းသမားများ ကို မူတည်၍ အသက်မွေးမှုနှင့်အိမ်ထောင်စုလူမှုဘဝ ဖူလုံရေး ကို ခွဲခြားစိတ်ဖြာသည်။ ထို့ကြောင့် လျှပ်စစ်ဓာတ်အားဝန်ဆောင်မှုနှင့်ဆက်သွယ်ရာတွင် ပလောင်အိမ်ထောင်စုများသည် စီးပွားရေး ဆိုင်ရာ ဆိုးကြိုးများရှိနေသည်။ ရပ်ကွက်အုပ်ချုပ်ရေး (ရှမ်းပြည် အဓိက) နှင့်ချိတ်ဆက်ထားသော ပုဂ္ဂလိက ကုမ္ပဏီတစ်ခု သည် (ရှမ်းပြည်နယ် လက်အောက်ခံ) ရှမ်း အိမ်ထောင်စုဝင်များ၏ လျှပ်စစ်ဓာ တ်အား သုံးစွဲမှုပိုမိုကောင်းမွန်သော အခြေအနေဖြစ်သည့် ကနဦးချေးငွေနှင့် ဆက်သွယ်ခအတွက် ပေးချေနိုင်ရန် ငွေကြေးအရစ်ကျ ပေးသွင်း စေခြင်း စသည်ဖြင့် ထောက်ပံ့ပေး ခဲ့သည်။ ယခုအခါ ပလောင်ကျေးရွာရှိအိမ်ထောင်စုများသည် လျှပ်စစ်ဓာတ်အား ရရှိရေးတွင် မပါဝင် သေးသဖြင့် အထက်ပါ အပြောင်းအလဲအတိုင်း ထောက်ပံ့ပေးနိုင်ခြင်းမရှိခဲ့ပါ။

မြို့ပြဒေသများတွင် လျှပ်စစ်ဓာတ်အားဝန်ဆောင်မှုရရှိရေး အခက်အခဲများ (ဝန်ဆောင်မှုပေးလုပ်ငန်းများနှင့် ချိတ်ဆက် မရနိုင်ခြင်း) မသိသာလှသော်လည်း သေးငယ်သောမြို့များ (ဟားခါး) နှင့်ရန်ကုန် နှင့် မန္တလေးရှိ ဆင်းရဲသော ရပ်ကွက်များ တွင် တရားမဝင်အခြေချ နေထိုင်သူများတွင်အခက်အခဲများရှိသည်။ ရန်ကုန် နှင့် မန္တလေးရှိ အဓိကမြို့ပြများတွင် ဓာတ်အားသုံးစွဲမှုရရှိရေးသည် အဓိက မကျပါ။ ဝန်ဆောင်မှုအရည်အသွေး နှင့် လျှပ်စစ်ဓာတ်အားဝန်ဆောင်မှု ရရှိရေး နှင့်ပတ်သက်၍ အခက်အခဲများ ကို သွားရောက်ခဲ့သော ဒေသတစ်လျှောက် ရှိ ဖြေကြားသူများ က မကြာခဏ ထုတ်ဖော် ပြောကြား ခဲ့သည်။ သို့သော် ရန်ကုန် ရှိ ဆင်းရဲသောရပ်ကွက်များ (ရန်ကုန်ရှိ သွားရောက်ခဲ့သော ဆင်းရဲသား ရပ်ကွက်-၃)[၉] တွင် တရားမဝင်အခြေချ နေထိုင်သူများတွင် လျှပ်စစ်ဓာတ်အား ရရှိရေး နှင့်ပတ်သက်၍ သတိပြုဖွယ် အခက်အခဲများရှိခဲ့သည်။ ရန်ကုန်တွင် လျှပ်စစ်ဓာတ်အား ဆက်သွယ်ခ သည် လူနည်းစုအတွက် လျှပ်စစ်ဓာတ်အားရရှိရေး အခက်အခဲတစ်ခု ဖြစ်နေချိန်တွင် အဓိကအကြောင်းပြချက်မှာ အသုံးချရန် လိုအပ်သောစာရွက်စာတမ်း (ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ သဘောတူညီမှုလျှောက်လွှာ အပါအဝင် အိမ်ထောင်စုစာရင်း နှင့် မြေစာရင်း) လုံခြုံစိတ်ချစွာ မပြုလုပ်နိုင်ခြင်းပင်ဖြစ်သည်။

တရားမဝင် ဆက်သွယ်ရေးများကို အသေးစား ဝန်ဆောင်မှုပေးနေသူများက လျှပ်စစ်ဓာတ်အား (ဒီဇယ်မီးစက်များ) ဖြင့်ပေးနေမှုသည် မြို့တော်များနှင့် အထူးသဖြင့် ဟားခါးအတွက် အလွန်အရေးပါသည်ကို တွေ့ရှိရသည်။ အစိုးရ အထောက်အပံ့ဖြင့် လျှပ်စစ်ဓာတ်အားဝန်ဆောင်မှုများကို ကန့်သတ်ချက်ဖြင့် ပေးဆောင် (တစ်ရက် လျှင်နာရီ အနည်းငယ်) နေသည်ဟုမှတ်ချက်ချခဲ့သည်။ သွားရောက်ခဲ့ သော မန္တလေးမြို့ ဝန်းကျင်နေထိုင်သောသူများကို

အသေးစား မီးစက်မောင်းနှင်သည့် လျှပ်စစ်ဓာတ်အား ပေးသူများက ဓာတ်အားဆက်သွယ်မှု ထောက်ပံ့ပေးသည်ကိုတွေ့ရသည်။ မကြာသေးမီကမှ မြို့ကြီးတွင်အမှောင်ချထားသော ကာလနှင့်ကြုံ့စဉ်က အထက်ဖော်ပြပါအတိုင်း လျှပ်စစ်ဓာတ်အား ရရှိရေးကို ဆောင်ရွက်ခဲ့သည်။ ရန်ကုန်မြို့တွင် အဆင်းရဲဆုံးသောအုပ်စု (မြို့ကြီးသို့လာရောက်အခြေချနေထိုင်သူများ) သည် လျှပ်စစ်ဓာတ်အား ဆက်သွယ်ရေးလမ်းကြောင်းကို မသုံးစွဲ နိုင်သောကြောင့် အတက်ပါဒေသတွင်း အသေးစား မီးစက်မောင်းနှင်သည့် လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးသူများ၏ ဝန်ဆောင်မှုများကို မှီခိုနေရသည်ကို သုသေသနအဖွဲ့မှ တွေ့ရှိရသည်။

အိမ်ထောင်စုများ၏ လျှပ်စစ်ဓာတ်အား ဆက်သွယ်မှု ကုန်ကျစရိတ်သည် စက်မှုနှင့်ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းများတွင် ဓာတ်အားသုံးစွဲမှုများ ကွဲပြားခြားနားသော်လည်း မြို့ပြရှိ ဖြေကြားသူများမှာ အခက်အခဲမရှိဘဲ ကျေးလက်ဒေသများတွင် အခက်အခဲများရှိနေသည်။ သို့သော်လည်း အထက်ပါမှတ်ချက်အရ လျှပ်စစ်ဆက်သွယ်ခ မပေးနိုင်သော ရပ်ကွက်များရှိ ဆင်းရဲပြီး အခက်အခဲအမျိုးမျိုး ကြုံတွေ့နေရသော အိမ်ထောင်စုများသည် တရားမဝင်လျှပ်စစ်ဓာတ်အား ထောက်ပံ့မှုရယူ နေရသည်။ စာရင်းကောက်များ ရန်ကုန်နှင့်မန္တလေးရှိ ချမ်းသာသောအိမ်ထောင်စုများနှင့်စက်မှုဇုန်ရှိ စီးပွားရေး လုပ်ငန်းလုပ်သော အိမ်ထောင်စုများ ကို သွားရောက်တွေ့ဆုံမေးမြန်း သည့်အခါ အရေးပါသော အစိတ်အပိုင်းတစ်ခု ၏ ဆက်သွယ်ခ ကို အိမ်ထောင်စုများ (သို့မဟုတ်) စီးပွားရေးလုပ်ငန်းများက စတင်ထူထောင် သည့်အချိန်တွင် ပေးဆောင်ခဲ့သည်။

*အသုံးပြုမှုများ နှင့် ဝန်ဆောင်မှု အရည်အသွေး*

အရည်အသွေးဆန်းစစ်ချက် အရ ကျေးရွာများရှိ သုတေသနပြုသည့် နေရာများ တွင် လျှပ်စစ်ဓာတ်အား အသုံးပြုမှု များသည် အလွန် တစ်ပြေးညီ ရှိကြောင်း ဖော်ပြထားပါသည်။ သွားရောက်ခဲ့သည့် နေရာအားလုံးတွင် အိမ်ထောင်စုများသည် လျှပ်စစ်ကို အလင်းရောင်နှင့် တီဗွီ အတွက် အဓိကထား သုံးခဲ့ကြသည်။ အလယ်အလတ်အောက် ဝင်ငွေရှိသော အိမ်ထောင်စုများ (လျှပ်စစ်လမ်းကြောင်း ဆက်သွယ်ထားသော အိမ်ထောင်စုများ ) သည် လျှပ်စစ်မီး ကို မကြာခဏ သုံးစွဲကြောင်း တွေ့ရသည်။ အိမ်ထောင်စုအများစု နှင့် အသေးစား စီးပွားရေးများ ၏ အသက်မွေးမှုဆိုင်ရာ ကိစ္စများ အတွက် ဒီဇယ်သည် အဓိက စွမ်းအင် ဖြစ်သည်။ အတက်အကျများ သော ဓီဇယ်ဈေးနှုံးများ သည် သူတို့၏အကျိုးအမြတ် ကို သိသာထင်ရှားသော အဟန့်အတား ဖြစ်စေသည်။ လျှပ်စစ်ဆက်သွယ်ရေး လမ်းကြောင်းကို အခြေခံသော ဝန်ဆောင်မှုများ အတွက် ကျေးလက် အသေးစားနှင့် အလယ်အလတ် စီးပွားရေးလုပ်ငန်းများ (SMEs) တွင် ဒီဇယ်သည် အမြင့်မားဆုံး လိုအပ်ချက် ဖြစ်သည်။

လက်ရှိ **လျှပ်စစ်ဓာတ်အား အသုံးပြုမှု ကန့်သတ်ချက် ရှိနေစဉ် ကျေးလက်သုတေသနပြုသည့် နေရာများရှိ အိမ်ထောင်စုများ က တီဗွီမှတစ်ဆင့် ပြင်ပကမ္ဘာ နှင့် ချိတ်ဆက်ရန် လျှပ်စစ်လမ်းကြောင်း ဆက်သွယ်ရေးသည် အရေးကြီးကြောင်း မီးမောင်း ထိုးပြခဲ့ပါသည်။** လျှပ်စစ်လမ်းကြောင်း ဆက်သွယ်ရေး မရှိသော ကျေးရွာများက ၄င်းတို့သည် ခေတ်ရေစီးကြောင်း (အထူးသဖြင့် လျှပ်စစ်လမ်းကြောင်း ဆက်သွယ်ရေး ရှိသော ချမ်းချမ်းသာသာ

နေနိုင်သည့် ကျေးရွာများ နှင့် ထိစပ်နေသော ကျေးရွာများ) နောက်ကို ရောက်ရှိနေသည့် အသိရှိနေသည်။ ထို့အပြင် ကလေးများ ညအချိန် စာကြည့်နိုင်ရန် နှင့် အသက်မွေးမှုဆိုင်ရာ ကိစ္စများ အတွက် အသုံးပြုနိုင်ရန် ပို၍စိတ်ချရသော **လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှု လုပ်ငန်းများ သည်** အမြင့်မားဆုံး လိုအပ်ချက် ဖြစ်သည်။ (သွားရောက်ခဲ့သော ဒေသများ တွင် အိုးလုပ်ငန်းကို ပုံမှန်ညနေပိုင်းတွင်ပြုလုပ်ခြင်း၊ ကျေးရွာ ဆိုင်ငယ်များအတွက် လျှပ်စစ်မီး နှင့် ယေဘူယျအားဖြင့် လယ်ယာစိုက်ပျိုးရေး ဆိုင်ရာ လုပ်ငန်းများ **သည် ဓီဇယ်ဈေးနှုန်း ကို ပို၍လေ့လာမိစေခဲ့သည်။)**
ကြီးမားသော/အလယ်အလတ်ရှိသော/အငယ်စား လယ်သမားများ အတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို **ဓီဇယ်မီးစက်များဖြင့် စနစ်တကျ ဆောင်ရွက်လျှက်ရှိသည်။၎င်းတို့ကို** ကြီးမားသော/အလယ်အလတ်ရှိသော လယ်သမားများက ပိုင်ဆိုင်ကြပြီး အငယ်စား လယ်သမားများကို ငှားရမ်းသည်။ ကျေးရွာရှိ ချမ်းချမ်းသာသာရှိသော အိမ်ထောင်စုများ တွင် စိတ်ချရသော **လျှပ်စစ်ဓာတ်အားဝန်ဆောင်မှု၊ ရေပိုက်လိုင်းများ အတွက် လျှပ်စစ်ဓာတ်အား သုံးစွဲခြင်း နှင့် ဆည်မြောင်းသွယ်မှု အနည်းငယ်ရှိသည်။ သုတေသနပြု သည့် ဒေသများတွင် တံငါသည်များသည် ထုတ်လုပ်မှုလုပ်ငန်းများ အတွက် ဓီဇယ်မီးစက်များ ကို အားထားရသည် (ညနေခင်းများတွင် ငါးဖမ်းရန် လျှပ်စစ်ဓာတ်အားလိုအပ်)။**

***ကျေးလက်ဒေသများ တွင် ဝန်ဆောင်မှု အရည်အသွေး***

| **ဇစ်မြစ်အမျိုးအစား** | **ကျေးရွာများ** | **ပုံမှန်အခြေအနေ** | **စွမ်းဆောင်ရည်** |
|---|---|---|---|
| Grid Connection လျှပ်စစ်ဆက်သွယ်ရေးလမ်းကြောင်း<br><br>(အစိုးရ သို့မဟုတ် ပုဂ္ဂလိကဖြန့်ဖြူးသူ) | ကျေးရွာ ၁ (မကွေး) Grid | ပုံမှန် - ၂၄ နာရီ (လျှပ်စစ်ပြတ်ခြင်းအလွန်နည်း) | စွမ်းဆောင်ရည်ကောင်း (အိမ်ထောင်စုများ အလင်းရောင်/တီဗွီ/ရေပိုက်လိုင်းများ ပုံမှန်သုံး) |
| | ကျေးရွာ ၃ (ချင်း) Hydro | ‘၃ ရက်မှာ ‘၁ ရက် ရရှိ | အလင်းရောင်နှင့်တီဗွီ ကောင်းမွန်လုံလောက် |
| | ကျေးရွာ ၂ (ရှမ်း-မြောက်) Grid | ပုံမှန် - ၂၄ နာရီ (လျှပ်စစ်ပြတ်ခြင်းအလွန်နည်း) | စွမ်းဆောင်ရည်ကောင်း (အိမ်ထောင်စုများ အလင်းရောင်/တီဗွီ/ရေပိုက်လိုင်းများ ပုံမှန်သုံး) |
| | ကျေးရွာ ၅ (ရှမ်း-အရှေ့) Hydro | ပုံမှန် - ၂၄ နာရီ (လျှပ်စစ်ပြတ်ခြင်းအလွန်နည်း) | စွမ်းဆောင်ရည်ကောင်း (အိမ်ထောင်စုများ အလင်းရောင်/တီဗွီ/ရေပိုက်လိုင်းများ ပုံမှန်သုံး) |
| လူအသိုင်း အဝန်း မှ စတင်ဆောင်ရွက်မှု | ကျေးရွာ ၄ (ချင်း - Hydro | ပုံမှန် - ၂ နာရီ | အလင်းရောင်နှင့်တီဗွီ |
| | ကျေးရွာ ၇ (မန္တလေး)ရှမ်း-မြောက်) – Generator | ပုံမှန် - ၂ နာရီ | အလင်းရောင်နှင့်တီဗွီ |
| အိမ်ထောင်စုမှ ပြန်ဖြူး/မီးအားစက်တွင် ဒီဇယ်သုံးသည့် အသေးစားစီပွါးရေးများ | ကျေးရွာ ၆ (မကွေး) - ကျေးရွာ ဘုန်းကြီးကျောင်း generator | ပုံမှန် - ၂ နာရီ | အလင်းရောင်နှင့်တီဗွီ သာရရှိ |
| | ကျေးရွာ ၈ (ရခိုင်))- အိမ်ထောင်စုမှ ပြန်ဖြန်းဖြူး | ပုံမှန် - ၂ နာရီ | အလင်းရောင်နှင့်တီဗွီသာရရှိ |
| | ကျေးရွာ ၉ (ရခိုင်))- အိမ်ထောင်စုမှ ပြန်ဖြန်းဖြူး | ပုံမှန် - ၂ နာရီ | အလင်းရောင်နှင့်တီဗွီသာရရှိ |

မြို့ပြဒေသများတွင် ကျေးရွာဒေသများကဲ့သို့ မဟုတ်ဘဲ ရပ်ကွက်များအလိုက်/ဝင်ငွေအုပ်စုများအလိုက်/ မြို့တော်များအလိုက် အိမ်ထောင်စုအဆင့် တွင် လျှပ်စစ်သုံးစွဲမှု ကွဲပြားပါသည်။ ယေဘူယျအားဖြင့် မြို့ပေါ်

အိမ်ထောင်စုများ တွင် စိတ်ချရသော လျှပ်စစ်ဓာတ်အား ကို ကောင်းကောင်းရရှိပြီး အသုံးအဆောင်ပစ္စည်းများ သိသိသာသာ သုံးပါသည်။ အလင်းရောင်နှင့် တီဗွီ အတွက် အပြင် ရေခဲသေတ္တာများ၊ မီးဖိုများ၊ ရေနွေးအိုးများ နှင့် ထမင်းပေါင်းအိုးများ အသုံးပြုရန်အတွက် လျှပ်စစ်ဓာတ်အားကို သမရိုးကျသုံးစွဲ ကြသည်။ ဝင်ငွေမြင့်မားသော အိမ်ထောင်စုများတွင် လေအေးစက်ကို သုံးစွဲကြသည်။ ခြွင်းချက်အနေဖြင့် အလယ်အလတ် ဝင်ငွေရှိသည့် အိမ်ထောင်စုများမှာလည်း တွေ့ရသည်။ အဆင်ပြေသည့် မြို့ပြ ဒေသများ တွင် လျှပ်စစ်ကို ချက်ပြုတ်ရာ၌ အသုံးပြုကြသည်။ အလယ်အလတ် ဝင်ငွေရှိသည့် အိမ်ထောင်စုများ တွင် လျှပ်စစ်ဖြင့် ချက်ပြုတ်မှု ပိုနည်းပါးပြီး ဆင်းရဲသည့် မြို့ပြများတွင် လျှပ်စစ်ဖြင့် ချက်ပြုတ်ခြင်းမရှိပါ။ ဝန်ဆောင်မှု အရည်အသွေး နှင့် ပတ်သက်၍ ပို၍ဆင်းရဲသော မြို့ပြဒေသများ (မြို့တော်သုံးခုလုံးတွင်) တွင် လျှပ်စစ် ဓာတ်အားရရှိမှု၊ စိတ်ချရသော လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှု နှင့် ပြင်ဆင်မှု အရှိန်အဟုန်/ကုန်ကျစရိတ်များနှင့် **ဆက်စပ်၍** အခက်အခဲ/ပြဿနာများ ထုတ်ဖော်ပြလာကြသည်။

အမှန်တကယ်ရရှိသည့် လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်း တွင် ကန့်သတ်ချက်များ သိသာစွာ ရှိနေသည့် ဟားခါးကို ခြွင်းချက်ထား၍ ရန်ကုန်မြို့ရှိ ဖြေကြားသူများ တွင် လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် ပတ်သက်၍ အကျပ်အတည်း အများဆုံး ရှိနေသည် (အထူးသဖြင့် သွားရောက်ခဲ့သည့် အလယ်အလတ် ဝင်ငွေရှိသော ရပ်ကွက်)။ ပုဂ္ဂလိပိုင် ပြုလုပ်ခြင်းသည် လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေး နှင့် လျှပ်စစ်ဓာတ်အား သုံးစွဲသူများ ၏ ဆက်ဆံရေး ကို တိုးတက်စေကြောင်း မန္တလေးရှိ ဒေသ တစ်လျှောက်က ယူဆကြပါသည်။ မြို့တော်များ အတွင်းရှိ ပို၍ဆင်းရဲသော မြို့ပေါ် ရပ်ကွက်များတွင် လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှု အရည်အသွေးနှင့် ပတ်သက်၍ အချို့ အပြောင်းအလဲများ ရှိနေသည်။ ထိုဒေသများ၌ ပါဝါပို၍ အတက်အကျများခြင်း နှင့် ပြင်ဆင်မှုများ ပြီးစီးရန် အခက်အခဲများရှိခြင်း တို့ကို အဓိကထား ဖော်ပြကြပါသည်။ စိတ်ဝင်စားစရာ အချက်မှာ -တရားမဝင် အခကြေးငွေ ပေးရခြင်းမရှိဘဲ ပြင်ဆင်မှုများ အတွက် ကောင်းမွန်သော ဝန်ဆောင်မှု ကို ရရှိကြောင်း ပြည့်စုံကြွယ်ဝသော အိမ်ထောင်စုများ က သတင်းပေးပါသည်။ ပို၍ ဆင်းရဲသော အိမ်ထောင်စုများ သည် ပုဂ္ဂလိကလျှပ်စစ် ပညာရှင်များ (လျှပ်စစ်ဓာတ်အား ကုမ္ပဏီ များ သည် တစ်ခါတစ်ရံ အသေးစား ပြင်ဆင်သည့် လုပ်ငန်း ကို တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေ ရရှိရေး အတွက်ဆောင်ရွက်သည်) ကို ခေါ်မည့်အစားလျှပ်စစ်ဓာတ်အား ဝန်ဆောင်မှု ပေးသူများ ကို ခေါ်ဘို့ ရာ၌လည်း အချိန်ယူသောကြောင့် ၎င်းတို့က် ခေါ်လိုသည့် ဆန္ဒ မရှိကြ ပါ။

**မြို့ပြ ဒေသများ တွင် လျှပ်စစ်ဓာတ်အား အသုံးပြုမှု နှင့် အရည်အသွေးအပေါ် သဘောထား**

| **ဒေသ** | အသုံးပြုမှုများ | **အရည်အသွေး အပေါ် သဘောထား** |
|---|---|---|
| | **ဆင်းရဲနွမ်းပါးသော မြို့ပြ ဒေသများ** | |
| ချင်း - ၃ | များသောအားဖြင့် ထမင်းဟင်းချက်ရန် နှင့် အပူ ပေးခြင်းအတွက်အလင်းရောင်ကိုထင်းမီးသွေးသုံး။ | ကန့်သတ်ချက်ဖြင့်ရရှိ - ၅ ရက် တစ်ပတ်ကာလတွင် တစ်နေ့လျှင် ၃ နာရီ ရသည်။ |
| မန္တလေး -၃ | အလင်းရောင်နှင့်တီဗွီ | စွမ်းဆောင်ရည် အမျိုးမျိုးပြောင်း သည်။ ဒေသပြုပြင်ထိန်းသိမ်း ခြင်းနှင့် ကုန်ကျစရိတ် ဆိုင်ရာ ပြဿများရှိ(မကြာခဏ ဖြစ်တတ်သောရာသီဥတု ကြောင့်ပျက်ဆီးမှု) |
| ရန်ကုန် -၃ | မီးသွေးဖြင့် အလင်းရောင်နှင့်တီဗွီ၊ထမင်းဟင်းချက်။ ဖြေကြားသူ ၂၅ ဦးတွင် ၂ ဦး သာ မီးဖိုချောင်သုံး ပစ္စည်း (ရေနွေးအိုးနှင့် ထမင်းပေါင်းအိုး) ရှိသည်။ | ၂၄ နာရီ ရသော်လည်း စွမ်းဆောင်ရည် ကန့်သတ်ချက် ရှိသည်။ (ဥပမာ၊ ရေတင်ခြင်းကို နေ့အချိန်သာရရှိ)၊ ပြင်ဆင်သည့်အခါ အိမ်ထောင်စုများ က လျှပ်စစ်သမားကို ကိုယ်တိုင်ခေါ်၊ ကုန်စရိတ်ကို လျှပ်စစ်သမားကို တိုက်ရိုက်ပေးရသည်။ |
| | **အလယ်အလတ်ဝင်ငွေရှိသော မြို့ပြ ဒေသများ** | |
| ချင်း - ၂ | တန်ဆာပလာ အနည်းငယ် သုံး ၍အလင်းရောင် နှင့်တီဗွီ။ ထမင်းဟင်းချက်ရန် နှင့် အပူပေးခြင်း အတွက်၊ မီးသွေးအသုံးပြု။ | ကန့်သတ်ချက်ဖြင့်ရရှိ - ၅ ရက် တစ်ပတ်ကာလတွင် တစ်နေ့လျှင် ၃ နာရီ ရသည်။ |
| မန္တလေး -၂ | အလင်းရောင် နှင့်တီဗွီ၊ အသုံးအဆောင် အနည်းငယ်သာ ( လေအေးစက် အစား ပန်ကာ)။ ထမင်းဟင်းချက်ရန် လျှပ်စစ်မီးဖိုသုံး။ | ထမင်းဟင်းချက်ချိန်ဖြစ်သော ညနေတွင် ၁နာရီ (သို့) ၃နာရီ သာ ရသည်။ သို့သော် မီးကောင်းကောင်းပေးပြီး မီးလုံးဝမလာခြင်း အနည်း ငယ်သာရှိ။ ပုဂ္ဂလိက ဖြင့် ဝန်ဆောင်မှုအရည်အသွေး တိုးတက်မှုရှိ။ ပြင်ဆင်စရိတ်အတွက် တရားမဝင် စရိတ်တောင်း။ |
| ရန်ကုန် -၂ | အလင်းရောင်၊ တီဗွီ၊ အခြေခံအသုံးအဆောင် (မီးဖို၊ ရေနွေးအိုး၊ ထမင်းပေါင်းအိုး၊ ရေခဲသေတ္တာ နှင့် အဝတ်လျှော်စက် ရှိးရှိး။ ထမင်းဟင်းချက်ရန် မီးသွေးအနည်း ငယ်ဖြင့် သုံးရကြောင်း အိမ်ထောင်စုများ ကိုမေးမြန်းရရှိသည်။ | ထမင်းဟင်းချက်ချိန်ဖြစ်သော နံနက် ၁၀နာရီ ၁၂နာရီ အထိသာ ရသည်။ ပြင်ဆင်မှု အထိုက်အလျောက် မြန်သော်လည်း ပြင်ဆင် စရိတ်အတွက် တရားမဝင် တောင်းခံသည်။ |
| | **ချမ်းသာကြွယ်ဝသော မြို့ပြ ဒေသများ** | |
| ချင်း - ၁ | အလင်းရောင်၊ တီဗွီ နှင့် အသုံးအဆောင် အနည်ငယ်သုံး။ ထမင်းဟင်းချက်ရန် နှင့် အပူပေးခြင်း အတွက် မီးသွေးအသုံးပြု။ အစိုးရ၏ အနည်းငယ်ကို ပုဂ္ဂလိကမီးစက်ဖြင့် အားဖြည့်သည်။ | ကန့်သတ်ချက်ဖြင့်ရရှိ - ၅ ရက် တစ်ပတ်ကာလတွင် တစ်နေ့လျှင် ၃ နာရီ ရသည်။ |
| မန္တလေး -၁ | အလင်းရောင်၊ တီဗွီ အသုံးအဆောင်၊ လေအေးစက် နှင့် ထမင်းဟင်းချက်ခြင်း။ | စွမ်းဆောင်ရည်နှင့် မကြာမကြာမီးပြတ်မှု ကြောင့် ပြဿနာအချို့ရှိ (ရာသီဥတု ကြောင့်ပျက်ဆီးမှု)။ ပုဂ္ဂလိက ကိုင်ပြီးနောက် ဝန်ဆောင်မှု များ တိုးတက်မှုရှိ (အထူးသဖြင့် ပြုပြင်ထိန်းသိမ်းခြင်း နှင့် သုံးစွဲသူ အားဝန်ဆောင်မှု)။ ပြင်ဆင်မှု မြန်ဆန်လာပြီး မုန့်ဘိုးပေးသည်မှလွဲ၍ ပြင်ဆင်စရိတ်ကို တရားမဝင် တောင်းခံခြင်းများ။ |
| ရန်ကုန် -၁ | အလင်းရောင် (လုံခြုံရေးနှင့်ပန်းခြံအလင်းပါဝင်) လေအေးစက်နှင့် ထမင်းဟင်းချက်ရန်အပါအဝင် အသုံးအဆောင် အပြည့်အဝ။ | စွမ်းဆောင်ရည်ကောင်းပြီး ၂၄ နာရီ ရရှိ။ ပြင်ဆင်မှု မြန်ဆန်ပြီး မုန့်ဘိုးပေးသည် မှလွဲ၍ ပြင်ဆင်စရိတ်ကို တရားမဝင် တောင်းခံခြင်းများမရှိကြောင်း။ |

**လျှပ်စစ်ဓာတ်အားခ နှုန်းထား အသစ်များ အပေါ် အကုန်အကျခံနိုင်မှု - သဘောထားများ။**

***ကျေးလက်ဒေသများ***

လျှပ်စစ်ဓာတ်အားခ **နှုန်း**ထားများ ကို ၂၀၁၄ခုနှစ် ဧပြီလ[၁၀] တွင်တိုးခဲ့သည်။ ကျေးလက်ဒေသများရှိ အိမ်ထောင်စုများသည် အစိုးရ၏လျှပ်စစ်ဓာတ်အားခ **နှုန်း**ထားများ နှင့် ပတ်သက်၍ အတွေ့အကြုံ ဗဟုသုတ အလွန်နည်းခဲ့ကြသည်။ သွားရောက်ခဲ့သည့် ကျေးရွာ (၁၃) ရွာတွင် ဖြေကြားသူ အနည်းငယ်သာ လျှပ်စစ်ဓာတ်အားခ **နှုန်း**ထားများ တိုးသည့်ကိစ္စ ကို သိရှိကြသည်။ လျှပ်စစ်ဓာတ်အားခ **နှုန်း**ထားများ တိုးသည့်ကိစ္စ တီဗွီ မှ ကြေညာချက်ကို (၁) ကျေးရွာအဆင့် လျှပ်စစ်ဓာတ်အား ကော်မီတီများ ၏ အဖွဲ့ဝင်များ၊ (၂) တစ်ခါတစ်ရံ အသေးစားစီးပွားရေး လုပ်ငန်း ပိုင်ရှင်များ ကြားခဲ့ကြသည်။

အစိုးရ (သို့မဟုတ်) ပုဂ္ဂလိက ကုမ္ပဏီ တစ်ခု ( '၁' နာရီတွင်သုံးသည့် kWh ) တို့၏ လျှပ်စစ်ဓာတ်အား လုပ်ငန်း ဝန်ဆောင်မှုများပေးသော ကျေးရွာ (၄) ရွာတွင် (၂) ရွာ သာ အစိုးရ၏ သတ်မှတ်ထားသော လျှပ်စစ်ဓာတ်အားခ **နှုန်း**ထားများကို လိုက်နာ ကျင့်သုံးခဲ့သည်။ ကျန်ဒေသများတွင် လျှပ်စစ်ဓာတ်အားခ ကောက်ခံမှုများ မှာ အစိုးရ၏ သတ်မှတ် နှုန်းထားများ ထက် လွန်စွာမြင့်သည်။ လျှပ်စစ်ဓာတ်အား ကော်မတီ မှ သတ်မှတ်သော နှုန်းထား မှာ (၂၀၀ကျပ်/ kWh နှင့် ၅၀ကျပ်/ kWh) ဖြစ်သည်။ လျှပ်စစ်ဓာတ်အား ကော်မတီ ၏ ဆောင်ရွက်ချက်များသည် စည်းစနစ်မကျမှုများ များစွာရှိနေသည်။ ယင်းကော်မီတီများ သည် ကျေးရွာများ၏ လျှပ်စစ်ဓာတ်အား စနစ် ပြုပြင်ထိန်းသိမ်းမှု အတွက် တာဝန်ယူထားသည့် အချိန်တွင် ဝန်ဆောင်မှု ကျသင့်ငွေ မည်မျှ ပေးဆောင်ရမည်ကို လမ်းညွှန်မှု ပေးခြင်းမရှိပါ။ ထို့အပြင် လျှပ်စစ်ငွေတောင်းခံလွှာ ပေါ်ရှိ အသေးစိတ် အချက်အလက်များ (လျှပ်စစ်ဓာတ်အားခ **နှုန်း**ထားများ၊ ထပ်မံပေးရမည့်ငှားရမ်းခများ (သို့မဟုတ်) ပြုပြင်ထိန်းသိမ်းခများ ထည့်သွင်းခြင်း )ကို အိမ်ထောင်စုများ အား နားလည်သဘောပေါက် အောင် ပြုလုပ်ပေးထားခြင်းမရှိပါ။ လူမှုရေးရင်းနှီးမြှုပ်နှံမှု မြင့်မားနေပြီး လျှပ်စစ်ဓာတ်အား ကော်မတီ နှင့် ကျေးရွာသားများ အကြား ယုံကြည်မှု ရှိချိန်တွင် သတ်မှတ်သော နှုန်းထား များ အတွက် မေးခွန်း များ မေးရန် မရှိပါ။ အုပ်ချုပ်မှု ဆိုင်ရာ စိန်ခေါ် မှုများ ကို ဇယား (၃) ၏ ကျေးရွာ (၃) -တွင် ပေါင်းစည်း မီးမောင်းထိုးပြထားပါသည်။

[၅]တစ်နေရာလျှင် FGD ၈ခု ပြုလုပ်သည် - (၁) ကျေးရွာခေါင်းဆောင်များ (FGD တစ်ခု)၊ (၂) ကွဲပြားသောအသက်မွေးမှု အုပ်စုများ (FGD ၂ခု မှ ၆ခု)၊ (၃) လျှပ်စစ်ဓာတ်အား ကော်မီတီ (FGD ၇ခု) နှင့် အမျိုးသမီး (FGD ၈ခု - ကျား/မ အလိုက် လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုများ ၏ အရည်အသွေး (သို့မဟုတ်) လျှပ်စစ်ဓာတ်အား ရရှိရေး အတွက် အဟန့် အတားများ)။ ထို့ အပြင်တစ်နေရာလျှင် KIIs ၆ခုဆောင်ရွက်သည် - ကျေးရွာများမှသတ်မှတ်ပေးသော (ချမ်းသာ/အလယ်အလတ်/ ထိခိုက်လွယ်သော အိမ်ထောင်စုများ) လူမှုစီးပွားရေး အကြောင်းအရာ တစ်ခုစီအတွက် KIIs ၂ခုဆောင်ကျ ဆောင်ရွက်သည်။

[၆]မြို့ပြဒေသများတွင် စာရင်းကောက်သည့်အခါ KIIs ကိုပို၍ဦးစားပေး ဆောင်ရွက်သည်။

[၇] စာရင်းကောက်သည့်အခါ တစ်နေရာလျှင် KIIs ၂၅ခု ဆောင်ရွက်သည် (မြို့ပြ ၄ခု တွင် KIIs ၅ခု၊) အဆင်ပြေသည့် စက်မှုဇုန် များ နှင့် မြို့နယ် လျှပ်စစ်ဓာတ်အား ဦးစီးဌာများ တွင်လျှပ်စစ်ဓာတ်အား ကော်မီတီများနှင့် ဆောင်ရွက်သည်။ မြို့ပြ ဒေသများတွင် (၁) ၂၀၁၃ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်သော လျှစ်စစ်ဓာတ်အားခ အသစ်အပေါ် ပြင်းထန်စွာ အဆိုးမြင် တုံ့ပြန်မှုများရှိသည့် ဒေသများ(ရန်ကုန် နှင့် မန္တလေး) နှင့် (၂) လျှပ်စစ်ဓာတ်အား ရရှိရေး ကန့်သတ်ချက်ရှိနေပြီး ဝန်ဆောင်မှုများ ၏ အရည်အသွေး နှင့်ပတ်သက်၍ စိန်ခေါ်မှုများရှိသော ပို၍ငယ်သော မြို့ပြ ဒေသများ( စိန်ခေါ်မှုများရှိသော ဟားခါးသည် ဥပမာပေး၍ကောင်းသည်)။

[၈] ရန်ကုန်မြို့ - YGN 3 တရားမဝင် အခြေချနေထိုင်သူများ သည် မြို့ပြ မှတ်တမ်းများတွင် ပါဝင်ခြင်းမရှိပါ။ ထို့ကြောင့် ၎င်းတို့၏ လျှပ်စစ်ဓာတ်အား ရရှိခြင်းဆိုင်ရာ အချက်အလက်များကိုတရားဝင် စာရင်းထဲ ကောက်ရန်မလိုပါ။

[၉] အရည်အသွေး စမ်းစစ်ချက်ကို ၁၃ရွာ တွင် ပြုလုပ်ကြောင်း သိရှိရန် အရေးကြီးပါသည်။ ဖြစ်နိုင်ခြေရှိသည့် လူမှုရေးအခြေအနေများ တွင် ပါဝင်ခြင်းမရှိသော ကျေးရွာ များတွင် ကို ပို၍ အသေးစိတ် သိရှိနားလည်နိုင်ရန် အတွက် ထပ်မံ ဆောင်ရွက်ရမည့် လုပ်ငန်းများကို PSIA Phase II အောက်တွင် ဆောင်ရွက်သွားမည်။

[၁၀]ကွင်းဆင်းလုပ်ငန်းများကို ၂၀၁၄ခုနှစ် မတ်လတွင် ဆောင်ရွက်သည်ကို သိရှိရန် အရေးကြီးပါသည်။ လျှပ်စစ်ဓာတ်အားနှုန်းတိုး ကြေညာချက် ထုတ်ပြီးချိန်ဖြစ်သည်။ သို့သော် အခွန်အခအသစ်တောင်းခံလွှာများ သက်ရောက်မှု မတိုင်မီဖြစ်သည်။

**နှုန်းထားများ နှင့် ထပ်မံ ကုန်ကျစရိတ်များ (ကျေးလက်ဒေသများ ရှိ အစိုးရ နှင့် ပုဂ္ဂလိက ကုမ္ပဏီများ)**

| ဝန်ဆောင်မှုပေးသူများ | ကျေးရွာများ | အခွန်အခများ | ထပ်မံ ပေးဆောင်မှုများ | လစဉ်ပေးဆောင်ငွေ (ကျပ်ငွေ) |
|---|---|---|---|---|
| အစိုးရမှ လျှပ်စစ်ပေး | ကျေးရွာ ၁ (မကွေး) | အိမ်ထောင်စုနှင့်စီးပွားရေးလုပ်ငန်းများအတွက် အစိုးရ **နှုန်း**ထားများ | ပုံမှန် လစဉ် ပေးဆောင်ခများ - မီတာ ထိန်းသိမ်းခ ၅၀၀ ကျပ်၊ ကျေးလက် လျှပ်စစ်ဓာတ်အား ကော်မီတီ အတွက် ၃၀၀ကျပ်၊ ကျေးရွာ၏အဓိက မီတာ နှင့် အိမ်ထောင်စု တစ်ခုချင်း မီတာများ အကြား 'ယူနစ်ပျောက် - units lost' အတွက် - ၃၀၀ကျပ် မှ ၅၀၀ကျပ်။<br>အခါအားလျော်စွာ ပေါ်ပေါက်သော ပေးဆောင်ခများ - အကြီးစားပြင်ဆင်မှုများ လိုအပ်ပါက ၁၀၀၀ကျပ် လိုအပ်။ | ၂,၀၀၀ မှ ၁၇,၅၀၀ |
| | ကျေးရွာ ၃ (ချင်း) | အိမ်ထောင်စုနှင့်စီးပွားရေးလုပ်ငန်းများအတွက် အစိုးရ **နှုန်း**ထားများ (small hydro) | ပုံမှန် လစဉ် ပေးဆောင်ခများ - မြို့နယ် ရုံး သို့ ပြေစာများ ထိန်းသိမ်းခြင်း နှင့် ဖြန့်ဝေခြင်း တို့အတွက် ၂၀၀ ကျပ်၊ | ၃,၀၀၀ မှ ၈,၀၀၀ |
| | ကျေးရွာ ၂ (ရှမ်း) | ၅၀ကျပ်/ KWh (ကျေးလက် လျှပ်စစ်ဓာတ်အား ကော်မီတီ မှ **နှုန်း**ထားကို သတ်မှတ်သည်) | ပုံမှန် လစဉ် ပေးဆောင်ခများ - မီတာ ထိန်းသိမ်းခ ၅၀၀ ကျပ်၊ | ၃,၀၀၀ မှ ၂၅,၀၀၀ |
| **ပုဂ္ဂလိက ကုမ္ပဏီ** (Hydro) | ကျေးရွာ ၅ (ရှမ်း) | ၂၀၀ ကျပ်/ KWh | မရှိ | ၄,၀၀၀ မှ ၁၄,၀၀၀ |

**ဒေသအခြေခံအစီအစဉ်များ နှင့် လျှပ်စစ်ဓာတ်အား တစ်ဆင့်ဖြန့်ဖြူး သည့် အသေးစား စီပွားရေး တို့ ၏ သတ်မှတ်နှုန်းထားများ။**

| ဝန်ဆောင်မှုပေးသူများ | ကျေးရွာများ<br>ဝန်ဆောင်မှု အမျိုးအစား | နှုန်း ထားများ |
|---|---|---|
| **ဒေသအခြေခံအစီအစဉ်များ** | ကျေးရွာ ၄ (ချင်း - Hydro) | နှစ်စဉ် တစ်အိမ်ထောင်လျှင် ဆက်သွယ်မှုခြင်း (၁၆)ခြင်း ပေးသည် (ဝန်ဆောင်မှုအရည်အသွေးအလွန်ညံ့) |
| | ကျေးရွာ ၇ (မန္တလေး) – ဒီဇယ် Generator | လျှပ်စစ်မီး အတွက် တစ်လ-၁၅၀၀ကျပ် နှင့် တီဗီ အတွက် တစ်လ ၁၀၀၀ကျပ်။ |
| **အိမ်ထောင်စုများ မှ တစ်ဆင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူး( ဒီဇယ် မီးစက်များ)** | ကျေးရွာ ၆ (မကွေး) | လျှပ်စစ်မီး အတွက် တစ်လ-၁၀၀၀ကျပ် နှင့် တီဗီ အတွက် တစ်လ ၁၅၀၀ကျပ်။ |
| | ကျေးရွာ ၈ (ရခိုင်) | လျှပ်စစ်မီး အတွက် တစ်လ-၃၀၀၀ကျပ် နှင့် တီဗီ အတွက် တစ်လ ၁၅၀၀ကျပ်။ |
| | ကျေးရွာ ၉ (ရခိုင်) | လျှပ်စစ်မီး အတွက် တစ်လ-၃၀၀၀ကျပ် နှင့် တီဗီ အတွက် တစ်လ ၆၀၀၀ကျပ်။ |

**ကျေးလက်ဒေသများ တွင် လက်ရှိ နှုန်းထား များကို အကုန်အကျခံ နိုင်မှု နှင့် ပတ်သက်သည့် ဆန်းစစ်ချက်ကို ပြုလုပ်သည့် အချိန်တွင် အောက်ပါ အဖွဲ့ (၃) ဖွဲ့ ၏သဘောထား အမြင်များ ကို ထည့်သွင်းစဉ်းစားဘို့ အရေးကြီးပါသည် -**

**(၁)** ခြုံငုံ ကြည့်လျှင် အစိုးရ ပုဂ္ဂလိက ကုမ္ပဏီ ဝန်ဆောင်မှုများ (သို့မဟုတ်) ပို၍သမရိုးကျမဟုတ်သော (ဒေသ အဖွဲ့အစည်း အစီအစဉ်များ (သို့မဟုတ်) အသေးစား စီးပွားရေးများ ) မှ လျှပ်စစ်ဓာတ်အား ရယူထားသူများ သည် ကျသင့်ငွေများ ပေးနိုင်သည် ဟု စဉ်းစားသည်။ သုံးစွဲမှုသည် ယေဘုယျအားဖြင့်နိမ့်

သည်(အခြေခံအားဖြင့် အလင်းရောင်နှင့် တီဗွီ အတွက်)။ ကျေးလက် ဒေသများ ရှိ ဖြေကြားသူများ သည် (၁) နှုန်းထား များ တိုးခြင်း နှင့် ပတ်သက်၍အမှုထားခြင်းမရှိပါ။ (၂) လျှပ်စစ်ဓာတ်အား သုံးစွဲမှု လျှော့ချသွားရန် အစီအစဉ်ဆွဲထားခြင်း မရှိခဲ့ပါ။ မြေယာမဲ့ နှင့် ဆင်းရဲသည့် အိမ်ထောင်စုများ သည် အခွန်အခများ ကို မကြာခဏ အချိန်ဆွဲ ပြီး နောက်ကျမှ ဆောင်တတ်ကြသည်။ (လျှပ်စစ်ဆက်သွယ်ရေး လမ်းကြောင်း အတွက် (၁)လ အောက် (သို့မဟုတ်) ဒေသအဖွဲ့အစည်း/အိမ်ထောင်စုများ မှတစ်ဆင့် ဖြန့်ဖြူး သူများတွက် ကျန် ရက်အနည်းငယ်တွင်ပေးဆောင်ကြသည်)။ သို့မဟုတ် လစဉ်ဓာတ်အားခပေးရန် အိမ်နားနီးချင်းထံမှ အချိန်ကာလတိုအတွက် အတိုးမဲ့ချေးငှား၍ နောက်ကျမှ ငွေပြန်ဆပ်ပေးနိုင်ကြသည်။ ဖြေကြားသူများနှင့် အခွန်အခများ ပေးဆောင်နိုင်မှု၊လျှပ်စစ်လမ်းကြောင်းကို အခြေခံသည့် ဝန်ဆောင်မှုများ- လက်ခံနိုင်သည့်နှုန်းထားသတ်မှတ်စဉ်းစားခြင်း နှင့်ပတ်သက်၍ ဆွေးနွေးသည့်အခါ ၄င်းတို့ထံမှ ငွေရေးကြေးရေး အတွက် စဉ်းစားမှုများ တင်ပြလာကြပါသည်။

(၂) စိတ်ချရသော လျှပ်စစ်**ဓာတ်အား** ဖြန့်ဝေမှု မရသော အုပ်စုလိုက်တွေ့ဆုံ ဆွေးနွေးချက် (FGD) တွင်ပါဝင်ဆွေးနွေးသူများ၊ ကျေးရွာ(၄)၊ ကျေးရွာ(၇)၊ ကျေးရွာ (၈) နှင့် (၉) များ မှ သတင်းအချက်အလက်ပေးသူများ ကလည်း အထက်ပါ အခက်အခဲ ကြောင့် ဝန်ဆောင်ခ ဈေးကြီး ပေးရပြီး ဝန်ဆောင်မှု အရည်အသွေးညံ့ကြောင်း။ သူတို့သည် အစိုးရ၏ လျှပ်စစ်ဆက်သွယ်ရေးလမ်းကြောင်း (ကျေးလက်သို့တတ်နိုင်မည့် ဈေးနှုန်းဖြင့် ဆက်သွယ်ပေးသင့်) ရရှိရေး ကို စိတ်အားထက်သန်ကြောင်း၊ သို့မှသာ ဝန်ဆောင်မှုကို လက်ရှိနှုန်းထားထက် လျှော့ပေးခြင်းဖြင့် ငွေကုန်ကြေးကျ သက်သာစေနိုင်မည် ဟု တင်ပြခဲ့သည်။

(၃) အရေးကြီးသည့်အချက်မှာ - သွားရောက်ခဲ့သည့် ကျေးရွာများရှိ နွမ်းပါးသောအုပ်စုများ (ကျေးရွာသားများ သတ်မှတ်ပေးသူများ) သည် ညနေခင်းတွင်သာပေးသော လျှပ်စစ်**ဓာတ်အား** အနည်းဆုံးအတွက် ပင် **ဓာတ်အား သုံးစွဲခ ကို မပေးနိုင်ကြောင်း စဉ်းစားခဲ့သည်။ ယင်းအုပ်စုများ (ကျေးရွာ ၁၊ ၂ နှင့် ၆ တွင်နေသူများ) သည် လက်ရှိတွင်** လျှပ်စစ်ဆက်သွယ်ရေးလမ်းကြောင်း ဆက်သွယ်ထားခြင်း မရှိခြင်း (သို့မဟုတ်) ညနေခင်းတွင် နာရီ အနည်းငယ်သာ လျှပ်စစ်ဓာတ်အား ပေးသော - **လက်ရှိတွင်** လျှပ်စစ်ဆက်သွယ်ရေးလမ်းကြောင်း ဆက်သွယ်ထားခြင်း မရှိသော **ဒေသ အဖွဲ့အစည်း အစီအစဉ်များ (သို့မဟုတ်) အသေးစား စီးပွားရေးများ (ကျေးရွာ ၄၊ ၅၊ ၇၊ ၈ နှင့် ၉ တွင်နေသူများ)။ လက်ရှိတွင် ကျေးရွာများ ( ကွဲပြားသောဝန်ဆောင်မှု အမျိုးမျိုးပေးသူများ - တရားဝင် သို့မဟုတ် တရားမဝင်) တွင်သတ်မှတ်ထား သော ဓာတ်အားခ နှုန်းထား အပေါ် အကုန်အကျခံနိုင်မှု ဆွေးနွေးရာတွင် ဤ အကြောင်းအရာများ ကို နားလည်ဘို့ လိုအပ်ပါသည် - (၁) လေ့လာသည့် ဒေသရှိ နွမ်းပါးသော ကျေးရွာများ တွင် အစိုးရမှ** (သို့မဟုတ်) ပုဂ္ဂလိက ကုမ္ပဏီများ မှလျှပ်စစ်ဆက်သွယ်ရေးလမ်းကြောင်း မရရှိပါ။ (၂)

ဒေသအဖွဲ့အစည်းများ အတွင်းရှိ အလွန်အားနဲ ချို့တဲ့သော အိမ်ထောင်စုများ လျှပ်စစ်မရနိုင်ပါ။ (အလင်းရောင်အတွက် ဖယောင်းတိုင်များ၊ ရေနံဆီ မီးအိမ်များ သုံး သည်။)

*မြို့ပေါ်ဒေသများ*

မြို့ပေါ်ဒေသများ တွင် ဆန်းစစ်ချက်ကို ၂၀၁၄ခုနှစ် ဧပြီလ နှင့် မေလ တွင် ပြုလုပ်ခဲ့စဉ်ကာလတွင် လျှပ်စစ်အခွန်အခသစ်များပေါ်ပေါက်လာပြီး အိမ်ထောင်စုများမှ တိုးကောက်သည့်လျှပ်စစ်ငွေတောင်းခံလွှာ အတိုင်း ပေးဆောင်နေပြီဖြစ်သည်။ ကျေးလက်ဒေသများ နှင့် နိုင်းယှဉ်လျှင် မြို့ပေါ် ဒေသများ တွင် လျှပ်စစ်အခွန်အခသစ်များ ပြောင်းလဲခြင်းကို ယေဘူယျ အားဖြင့် နားလည်မှုကောင်းစွာရှိကြပြီး ကွဲပြားသောအခွန်အခများ ဖြင့် ဖေါ်ပြထားသောလျှပ်စစ်ခတ်အား တောင်းခံလွှာ နှင့် ပတ်သက်၍ပိုပြီး ရှင်းရှင်းလင်းလင်းဖြစ်ခဲ့ကြသည်။

**လစဉ်ကျသင့်ငွေနှိုင်းယှဉ် ချက် နှင့် ကွဲပြားသော အုပ်စုများ ၏ အခွန် ရာခိုင်နှုန်း တိုးလာမှု**

| ချမ်းသာကြွယ်ဝမှု အခြေအနေ | ပျမ်းမျှ သုံးစွဲမှု (ယူနစ်များ - kWh) | ယခင်လ ကျသင့်ငွေ (ပျမ်းမျှ) | လက်ရှိ လစဉ် ကျသင့်ငွေ (ပျမ်းမျှ) | တိုးလာသည့် ခန့်မှန်း ရာခိုင်နှုန်း |
|---|---|---|---|---|
| ချမ်းသာကြွယ်ဝ | ၁,၄၄၃ | ၅၀,၅၀၀ | ၇,၀၀၀ | ၃၈ |
| အလယ်အလတ်ချမ်းသာကြွယ်ဝ | ၂၈၂ | ၉,၈၀၀ | ၁၁,၅၀၀ | ၁၇ |
| ဆင်းရဲ | ၁၃၈ | ၄,၉၀၀ | ၅,၀၀၀ | မပြောပလောက် |

ဟားခါးမြို့ တွင် လျှပ်စစ် ဖြန့်ဝေမှု ကို (တစ်နေ့အတွက် နာရီပိုင်းဖြင့်) ကန့်သတ်ချက်ဖြင့် ပေးထားသဖြင့် ထိုလျှပ်စစ်နှန်းထား တိုးလာခြင်း တွင် ဟားခါးမြို့တော်သည် ချွင်းချက် အနေအထား တွင်ရှိသည်။ ထို့ကြောင့် နှုန်းထားကိစ္စသည် ထိုဒေသ တစ်လျှောက်ရှိ ဖြေကြားသူများ (အဆင်းရဲဆုံးသူများအပါအဝင်) နှင့်သက်ဆိုင်သည်ဟု စဉ်းစားရန်မလိုခဲ့ပါ။ ထိုဒေသတွင် အစိုးရ၏လျှပ်စစ်ခတ်အား ဝန်ဆောင်မှုများတိုးချဲ့ ခြင်းနှင့်ပတ်သက်၍ မျှော်လင့်ချက်များ မြင့်မားစွာ ရှိနေကြသည်။ ဟားခါးမြို့ရှိ ဝင်ငွေကောင်းသော/အလယ်အလတ်ဝင်ငွေရှိသော အိမ်ထောင်စုများ နှင့် အသေးစား စီးပွားရေးများ အတွက် ဒီဇယ် မီးစက်များ အတွက် ဆီဈေးနှုန်း မြင့်မားခြင်းသည် ယေဘူယျ အကျိုးသက်ရောက်မှု တစ်ခု ဖြစ်သည်။ လျှပ်စစ်ခတ်အား ရရှိမှုတိုးတက်လာခြင်းသည် ငွေအကုန်အကျသက်သာမှု ဖြစ်လိမ့်မည်ဟု အဓိက မျှော်လင့်ချက်ဖြစ်သည်။ ကျေးလက်ဒေသများ ရှိ အိမ်ထောင်စုများ တွင် အလင်းရောင်အတွက် ဒီဇယ် အစား ဆိုလာပြားကိုတွင်တွင် သုံးလာသည်ကို လေ့လာတွေ့ ရှိရသည်။ ပြုပြင်ထိန်သိမ်းခများ မရကြောင်း သတင်းပို့သဖြင့် ဖြေဆိုသူများက လျှပ်စစ်မီတာများ အတွက် ပြုပြင်ထိန်သိမ်းခများ ၅၀၀ကျပ်/တစ် မီတာ/တစ်လ (မီတာငှားရမ်းခ)များကို ပြန်ပို့ပေးသော်လည်း လျှပ်စစ်အတွက် စုစုပေါင်းကုန်ကျငွေကို တတ်နိုင်ကြသည်။

လေ့လာသည့် ကိုယ်စားလှယ်များ၏ သတ်မှတ်ဒေသအပိုင်းခွဲ များရှိသော ရန်ကုန်နှင့် မန္တလေး ၏ အခြေအနေသည် သိသာစွာ ကွဲပြားမှုရှိသည်။ **လျှပ်စစ်ခတ်အား တိုးမှုသည်** အလယ်အလတ်ဝင်ငွေရှိသည့် အိမ်ထောင်စုများ နှင့် အချို့**အသေးစား နှင့်အလယ်အလတ်လုပ်ငန်းအမျိုးအစားများ** (SMEs) ကို အလွန်

အကျိုးသက်ရောက်မှု ရှိနေကြောင်း ကိုယ်စားလှယ် များက သတင်းပေးခဲ့ပါသည်။ **ယခင်ကမှတ်ချက်ပြုခဲ့သည့် အတိုင်း- တွေ့ရှိချက်များ ကို အစီရင်ခံမှုသည် အိမ်ထောင်စုများ နှင့် စီးပွားရေးလုပ်ငန်းများအပေါ် သုံးသပ်ချက်များ ကို ဦးတည်ပါသည်။** အလယ်အလတ်ဝင်ငွေရှိသည့် မြို့ပြဒေသများ၏ ပြင်းထန်သည့်**အပျက်သဘောဆောင်သော တုန့်ပြန်မှု ရှိသော်လည်းအပျက်သဘောဆောင်သော အုပ်ချုပ်မှုနည်းဗျူဟာများ အစီရင်ခံ တက်လာခြင်းမရှိ ပါ။ ဤကိစ္စ ရပ်တွင် ဖြေကြားသူများက ၎င်းတို့၏ မကျေနပ်မှုကို ဓာတ်အားခ တိုးခြင်းများ နှင့် လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှု အရည်အသွေး တိုးတက်မှု နည်းခြင်း တို့ နှင့် ချိတ်ဆက် ပြောကြားခဲ့ပါသည်။**

***ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများ နှင့် ထိခိုက်လွယ်သော အိမ်ထောင်စုများ၏ တုံ့ ပြန်ချက်များ***

ထိခိုက်လွယ်သော အိမ်ထောင်စုများ တွင် **လျှပ်စစ်ဓာတ်အား တိုးသည့်ကိစ္စကို မတွေ့ခဲ့ရသော်လည်း ၎င်းတို့သည် ယင်း**အခွန်အခဆောင်ရန် အခက်အခဲများ ရှိနေခဲ့ကြောင်း ၎င်းတို့ကိုတွေ့ဆုံ မေးမြန်းခဲ့စဉ်ကတည်းက သိရှိခဲ့ ရသည်။ ဆင်းရဲနွမ်းပါးသော မြို့ပြဒေသများအတွင်းရှိ ထိခိုက်လွယ်သည်ဟုယူဆခဲ့သောအိမ်ထောင်စုများ တွင် လစဉ် **လျှပ်စစ်ဓာတ်အားခ (ဆက်သွယ်ရေးလမ်းကြောင်း နှင့် အသေးစား လျှပ်စစ်ဖြန့်ဖြူးသူများ ) ပေးဆောင်ခြင်း အတွက် အခက်အခဲများ ကို ၎င်းတို့**ကိုယ်တိုင် **သတင်းပို့ခဲ့ပါသည်။ ခြုံငုံကြည့်လျှင် အဓိကသိရှိရသည့် အခြေအနေများမှာ အခွန်ဆောင်မှု နောက်ကျခြင်း နှင့် အိမ်နားနီးခြင်းထံမှ ချေးငှားခြင်း ဖြစ်ပါသည်။ အတိုးမဲ့ ချေးငှားမှုများ ပြုလုပ်ခဲ့ သော်လည်း လိုအပ်လျှင် ပြန်လည်ပေးဆပ်ရန် စိတ်ကူးရှိကြသည်။ ဤ**မြို့ပြဒေသများ တွင် လူမှုရေးညီညွတ်မှုအဆင့်မြင့်မားကြောင်း၊လူမှုရေး ရံပုံငွေ မြင့်ကြောင်း သိသာထင်ရှားစွာ ဖော်ညွှန်းနေပါသည်။ **လျှပ်စစ်ဓာတ်အား လမ်းကြောင်း**အခွန်ဆောင်ခများကို တစ်လထက် ပိုအောင်မကြာဘဲ ပေးဆောင်ကြပြီး **အသေးစား လျှပ်စစ်ဖြန့်ဖြူးသူများကို ရက်အနည်းကြာလျှင် ပေးဆောင်ကြပါသည်။**

**ယခင်ကမှတ်ချက်ပြုခဲ့သည့်အတိုင်း- မေးမြန်းခဲ့သော အိမ်ထောင်စုများ အကြား လေ့လာခဲ့သော အနည်းငယ်သော ကိစ္စရပ်များတွင်** ဆင်းရဲချို့တဲ့သော မြို့ပြဒေသများ ရှိ အိမ်ထောင်စုများအတွက် **လျှပ်စစ်ဓာတ်အား ဆက်သွယ်စရိတ်သည် အခက်အခဲတစ်ခု ဖြစ်ပါသည်။ အစိုးရ မှ လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုအပြည့်အဝ မပေးခြင်း နှင့်** မြို့ပြဒေသ အကွက်များ အတွင်း ဆက်သွယ်မှု **မရှိသေးသော** မြို့ပြဒေသများ တွင် အထက်ပါ ဖြစ်ရပ်များ အမှန်တကယ်ရှိနေပြီး ထိုဒေသများ တွင် လုံလောက်သောရင်းနှီးမြှုပ်နှံမှု တစ်ခုလို နေပါသည်။ မန္တလေးတွင်မူ ဖြေကြားသူများသည် တရားမဝင် **လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှု ပေးသူများ ကို အသုံးပြု ပါသည်။ အစိုးရမှ လျှပ်စစ်ဓာတ်အား ဆက်သွယ် နိုင်သည့် အခွင့်အလန်းပေးပြီး အစိုးရ၏ လျှပ်စစ်ဓာတ်အား ဆက်သွယ်ခသည် သက်သာမည်ဆိုပါက အစိုးရကို အခွန်ပေးဆောင်ရန် ပိုလိုလား ကြောင်း ဖော်ထုတ်ပြောကြားခဲ့ပါသည်။**

***အလယ်အလတ်တန်းအဆင့် မြို့ပြဒေသများ ရှိ ဖြေကြားသူများ***

အလယ်အလတ်တန်းအဆင့် မြို့ပြဒေသများ ရှိ ဖြေကြားသူများ တွင် လျှပ်စစ်ဓာတ်အား နှုန်းထားတိုးမှုကို များသောအားဖြင့် မျှတမှုရှိကြသော်လည်း အထူးသဖြင့် ရန်ကုန်တွင် ဈေးနှုန်းတန်ဘိုး ထပ်တိုးခြင်းအပေါ်

ပြင်းထန်သော အပျက်သဘောဆောင်သော တုန့်ပြန်မှု ရှိနေသည်။ လေ့လာသည့် ဒေသရှိ ကိုယ်စားလှယ်များ က နှုန်းထားများ တိုးမှုများ သည် လျှပ်စစ်ဓာတ်အားဆိုင်ရာ ဝန်ဆောင်မှု တိုးတက်မှုများ နှင့် အတူ လိုက်လျောညီထွေမှု မရှိကြောင်း ဖော်ထုတ်ပြောကြားခဲ့ပါသည်။ ပေးခဲ့သော လျှပ်စစ်ဓာတ်အား သုံးစွဲမှု အဆင့်အတန်း/သုံးစွဲမှု အမျိုးအစားများ အရ လျှပ်စစ်ဓာတ်အား သုံးစွဲမှု လျှော့ချဘို့ရာ အခက်အခဲရှိလာ လိမ့်မည် ဟု ထိုဒေသရှိ ဖြေကြားသူများ က သတင်းပို့ခဲ့ပါသည်။ အကုန်အကျ သက်သာစေသည့် အချက်များ မှာ လေအေးစက်ကို လျှော့သုံးခြင်း[၁၂] နှင့် နေ့ အချိန်တွင် မီးများကို ပိတ်ထားပေးခြင်း တို့ ဖြစ်ပါသည်။ ငွေချေးငှားခြင်း (သို့မဟုတ်) အခြားအသုံးစရိတ်ကို လျှော့သုံးခြင်း တို့ သည် လျှပ်စစ်ဓာတ်အားခ ပေးသွင်းရန် နောက်ကျမှု များ မရှိနိုင်တော့ကြောင်း သတင်းပို့ ခဲ့ကြပါသည်။

ချမ်းသာကြွယ်ဝသောအိမ်ထောင်စုများ အတွက် (အထူးသဖြင့် ရန်ကုန်မြို့ရှိ) လျှပ်စစ်ဓာတ်အားခ နှုန်းထား သိသိသာသာတိုးမှုကို မှတ်ချက်ပြုခဲ့ပြီး အကုန်အကျ သက်သာရေးကို လျှပ်စစ်ဓာတ်အားခ နှုန်းထား အသစ်နှင့်အတူ စီစဉ် ခန့်ခွဲ ခဲ့သည်။ အိမ်ထောင်စုများက ၄င်းတို့သည် များသောအားဖြင့် (၁) ပန်းခြံ/လုံခြုံရေးမီးများ အတွက်လျှပ်စစ်သုံးစွဲ၊ (၂) လေအေးစက်သုံးခြင်း၊ (၃) နေ့အချိန်တွင် အသုံးမပြုသောအခန်းများတွင် လျှပ်စစ်သုံးစွဲမှုများ ဖြတ်တောက် ကြောင်း ပြောကြားခဲ့သည်။ လျှပ်စစ်ဓာတ်အားခ နှုန်းထား တိုးခြင်းနှင့်ပတ်သက်၍ အပျက်သဘောဆောင်သော တုန့်ပြန်မှု ရှိသော်လည်း အရည်အသွေးကောင်းသော လျှပ်စစ်ဓာတ်အား ဖြန့်ဝေ မှုဟု ခြုံငုံ ခံယူထားချက်နှင့်အတူ အလယ်အလတ်တန်းစား ဒေသများ ထက် ပြင်းထန်မှုနည်းခဲ့ပါသည်။

***ရန်ကုန်နှင့်မန္တလေးရှိ အသေးစားနှင့် အလယ်အလတ်လုပ်ငန်းများ*** *- (SMEs)*

ရန်ကုန်နှင့် မန္တလေးတွင် လျှပ်စစ် သုံးစွဲမှု အရ SMEs အဖွဲ့ (၃) ဖွဲ့ သတ်မှတ် လေ့လာခဲ့သည်။ လျှပ်စစ်ဓာတ်အားခ နှုန်းထား အသစ် အပေါ် သူတို့ကိုယ်တိုင် တွေ့ ရှိချက်အရ လျှပ်စစ်ဓာတ်အားခ တိုးမြှင့်မှု များ နှင့် ကျင့်သုံးသော စီမံခန့်ခွဲမှု နည်းဗျူဟာများ အပေါ် တုံ့ပြန်မှု သည် အမျိုးမျိုး ရှိခဲ့ပါသည်။

**စီးပွားရေးအမျိုးအစားအလိုက် စစ်တမ်းကောက်ယူခဲ့ခြင်း (ရန်ကုန် နှင့် မန္တလေး)**

| မြို့တော်များ | သုံးစွဲမှု အလိုက် အသေးစားနှင့် အလယ်အလတ် လုပ်ငန်းများ - (SMEs) အရေအတွက် (Units kWh) | | |
|---|---|---|---|
| | ၁-၅၀၀ | ၅၀၁-၁၀,၀၀၀ | ၁၀,၀၀၁-၂၀,၀၀၀ |
| **ရန်ကုန်** | ၈ | ၁၇ | ၀ |
| **မန္တလေး** | ၁၃ | ၁၀ | ၂ |
| **စုစုပေါင်း** | ၂၁ | ၂၇ | ၂ |

လျှပ်စစ်ဓာတ်အား အခွန်နှုန်းထား ပြောင်းလဲမှုသည် ကျွမ်းကျင်မှု လုပ်သားမလိုအပ်သော မိသားစုနည်းသည့် မိသားစု စီးပွားရေးလုပ်ငန်း ကို ထိခိုက်မှု မရှိဟု အစီရင်ခံထားသည်။ **၄င်းတို့ကို စီးပွားရေးလုပ်ငန်းများ၏ အရေးပါသော အစိတ်အပိုင်း တစ်ခုဖြင့် ဖွဲ့စည်းထားသည်။ စီးပွားရေးလုပ်ငန်းတွင် အသေးစားသောက်ကုန် ထုတ်လုပ်မှုနှင့်**

**ထုတ်ပိုးကုမ္ပဏီများ** နှင့်မဏ္ဍနစ်များ ပါဝင်သည်။ **အခွန်အခ ပြောင်းလဲမှုများကြောင့် အိမ်ထောင်စုငယ်လေးများ ထိခိုက်မှုမရှိဟု အစီရင်ခံထားသည်။** ထိုနှုန်းထားများအားလုံးကို ပေးဆောင်နိုင်သည်ဟုယူဆရပြီး အပြုသဘော ဆောင်သော ပိုင်နိုင်စွာ လုပ်ကိုင်နိုင်မှု နည်းလမ်းများကို ထိုအုပ်စုများ အကြားတွင် လေ့လာတွေ့ရှိရသည်။

ကွင်းဆင်းလေ့လာခဲ့သည့် အလယ်အလတ်တန်းစား စီးပွားရေးလုပ်ငန်းများ (**ဒုတိ**ယ နှင့် တတိယအုပ်စု တွင်ပါဝင်) ကို အကျိုးသက်ရောက်မှု အရှိဆုံးဖြစ်ခဲ့သည်။[၃၇] စီးပွားရေး **ဒုတိ**ယတန်းစားအုပ်စုတွင် ပါဝင်သော အိုးလုပ်ငန်း လုပ်ကိုင်ခြင်း၊ ပုံနှိပ်ခြင်းနှင့် ရေသန့်**ကုမ္ပဏီတို့သည် ယခုတစ်ယူနစ်လျှင် အပို ၂၅ ကျပ်နှုန်း (သို့မဟုတ် ယခင်အခွန်အခ ပုံစံ နှင့်ဆက်နွယ်၍ ၃၀% တိုးခြင်း) ပေးဆောင်ရန်လိုအပ်သည်။ ထိုစီးပွားရေးလုပ်ငန်းများသည် အပိုလျှပ်စစ် ဓာတ်အားခကို ဒီဇယ်တန်ဖိုးနှင့် အတူထမ်းဆောင်နေရ၍ ၄င်းတို့ကိုယ်တိုင် ခက်ခဲသောရိုက်ခတ်မှုကို ခံနေရသည် ဟုယူဆရပါသည်။ လျှပ်စစ် ဓာတ်အား ထောက်ပံ့မှု ဖြတ်တောက်သွားလျှင် (ခေတ္တလျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း) မီးစက်များယခုတိုင် လိုအပ်နေပါသည်။** တတိယအုပ်စုစီးပွားရေး လုပ်ငန်းများကို ကွင်းဆင်းလေ့လာထားသော မန္တ**လေး စက်မှုဇုန်တစ်ခု** တည်းတွင်သာတွေ့ရသည်။ ၄င်း၏ အနံ့အသက်ဆိုးဝါးသော စီးပွားရေးလုပ်ငန်းများ (သံချောင်းများ နှင့် အိမ်ဆောက် ပစ္စည်းများ) အတွက် တစ်ယူနစ်လျှင် (၅၀) ကျပ်နှုန်းဖြင့် **ဒုတိ**ယအကြိမ်အခွန်အခ (ဆိုလိုသည်မှာ ယခင် အခွန်နှုန်းနှင့် နှိုင်းယှဉ်လျှင် ၃ ပုံ ၂ ပုံ မြင့်တက်) အောက်တွင်ရှိသည်။ ထိုစီးပွားရေးလုပ်ငန်းများအတွက် မီးစက်များ ကိုအသုံးပြုခြင်းသည် အလွန်အမင်းစရိတ်ကြီးပြီး စက်မှုဇုန်တွင်လိုအပ်သော အခြေခံအဆောက်အအုံ ဆောက်လုပ်ရာတွင် လျှပ်စစ်အားဆက်သွယ်ရေးလမ်းကြောင်းအတွက် ရင်းနှီးမြှတ်နှံမှုပေါ်တည်နေပါသည်။

လိုအပ်ပါက သုံးစွဲသူ များ အတွက် ဈေးနှုန်းကို တိုးပေး သည့်နည်းလမ်း ( အချို့ကိစ္စများ တွင် စာချုပ်ပါ ဝန်ခံချက်များ - ဥပမာ၊ စီးပါးရေး ဆုံးရှုံးမှုများ) သုံးရကြောင်း အစီရင်ခံသည်။ ဒုတိယအုပ်စုရှိ အလယ် အလတ်တန်းစား စီးပွားရေးလုပ်ငန်း၌ အချို့ဝန်ထမ်းများကို ယာယီထုတ်ပယ်ထားခြင်း၊ ထုတ်လုပ်မှုလျှော့နည်းခြင်းနှင့် စတော့ဈေးနှုန်းကို တာရှည်စွာ မကိုင်ဆောင်ထားခြင်း (ဆိုလိုသည်မှာ ၄င်းတို့တွင် တိကျသော အစီအစဉ်ရှိသောအခါ ထုတ်လုပ်မှုတစ်ခုတည်းကိုသာ ပြုလုပ်ခြင်း) တို့ဖြစ်သည်။ တတိယအုပ်စုရှိ အကြီးစားစီးပွားရေး လုပ်ငန်းအတွက် ပြင်ဆင်ရန် အချိန်အတော်ကြာကြာ (သုံးလ ဝန်းကျင်) ယူရသည်ဟုသိရှိရပြီး ပို၍ဈေးပေါသော အထောက်အကူပြု ပစ္စည်းများနှင့် ဈေးနှုန်းမြင့်သော်လည်း ပိုမို ကောင်းမွန်သောအခြေအနေရရှိရန် ပြန်လည်ညှိနှိုင်း ထားသော ဈေးနှုန်းပြုလုပ်သည်ကိုတွေ့ရသည်။

မည်သို့ပင်ဆိုစေ ဒုတိယအုပ်စု စီးပွားရေးလုပ်ငန်း(ပို၍ထိခိုက်ခဲ့ခြင်း) အတွင်း၌ပင် တုံ့ပြန်မှု သည် လျှပ်စစ်ဓာတ် အားခ ကို လျှော့ချမှု ထက် ဝန်ဆောင်မှု အရည်အသွေး တိုးတက်လာစေမှုကို ဦးတည်ပါသည်။ အုပ်စု (၃)စု လုံး၏ အဓိက အကြံပြုချက်မှာ လျှစ်စစ်စွမ်းအား မတည်ငြိမ်မှုများ ရှော့သွားပေးရန်၊ ဗို့အား စွမ်းရည် တိုးမြှင့်ရန် နှင့် ၂၄ နာရီ ပုံမှန်လျှစ်စစ်ပေးရန် တို့ ဖြစ်ပါသည်။ ဤ အခြေအနေများ ဖြစ်ဘို့ရာ စီးပွားရေး လုပ်ငန်းရှင်များ သည်

လျှပ်စစ်ဓာတ် အားခ များ ထက်ပို၍ ဝန်ထုတ်ဝန်ပိုးဖြစ်သောငွင်းတို့၏ ဒီဇယ် နှင့် သုံးစွဲမှုကို သိသိသာသာ လျှော့ချနိုင်ရမည်။ စစ်တမ်းကောက်ယူခဲ့သည့် ၈၅% သော စီးပွားရေးလုပ်ငန်းများ အတွက် မီးစက်များ ( ချင်းပြည်နယ်ရှိ စီးပွားရေးလုပ်ငန်းအားလုံး) များ ကို ပုံမှန်သုံးကြပါသည်။

***လျှပ်စစ်ဓါတ်အားဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်းသောဆုံးရှုံးနစ်နာမှုများ***

PSIA အပိုင်း(၁) နှင့်(၂) တွင် ဖော်ပြထားသော ဆုံးရှုံးနစ်နာမှုများအတွက် တရားသဖြင့် လျော်ကြေးပေးသည့် စနစ် (GRS) ကို ခွဲခြမ်းစိတ်ဖြာ လေ့လာတွေ့ရှိချက်များအရ သွားရောက် လေ့လာခဲ့သည့် မြို့ပြဒေသများတွင် (GRS)စနစ် ကျင့်သုံးခဲ့မှု အနည်းငယ်သာ ပိုသော်လည်း ကျေးလက်ဒေသများ၌ လက်ရှိတွင် အစိုးရလျှပ်စစ်ဓါတ်အား ဝန်ဆောင်မှု လုပ်ငန်းများအတွက် (GRS)စနစ်ကို ကျင့်သုံးခဲ့မှုမှာ အလွန်အမင်း ရှားပါးခဲ့ကြောင်း၊ ဖော်ထုတ်ညွှန်ပြ ထားပါသည်။ အမျိုးသားလျှပ်စစ်ဓါတ်အားသုံးစနစ်သို့ပြောင်းခြင်း အစီအစဉ်(NEP)ကို စတင်လုပ်ဆောင်ရန်အတွက် ဆုံးရှုံးနစ်နာမှုများကို ကိုယ်တွယ်ဖြေရှင်းရာ၌ လက်ရှိစနစ်၏ လုပ်နိုင်စွမ်းအား မှာ အကန့်အသတ်ရှိနေပါသည်။ စစ်တမ်းကောက်ယူရာ၌ ဖြေကြားသူများ၏ အဖြေများတွင် မြို့ပြဒေသများတွင် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ပေးရန်နှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့် ကျသင့်ငွေတောင်းခံလွှာများ ထုတ်ပေးခြင်းတို့အတွက် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများအား ကြိုဆိုနေကြောင်း ဖော်ပြထားပါသည်။ ကိုယ်ထူကိုယ်ထ လျှပ်စစ်ဓါတ်အားစနစ်သို့ပြောင်းခြင်း (SRE) အတွက် ဆောင်ရွက်သည့် ကျေးရွာလျှပ်စစ် ဓာတ်အားကော်မတီ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြတ်သားမှု အားနည်းကြောင်း၊ စီမံကိန်းနယ်မြေ တွင်ပါဝင်ပြီး နစ်နာမှုရှိသောကျေးရွာများ၊ အိမ်ထောင်စုများကို ကျေးရွာလျှပ်စစ် ဓါတ်အားကော်မတီကဖြစ်စေ၊ ကျေးရွာ သို့မဟုတ် မြို့နယ်အုပ်ချုပ်ရေးဌာနများကဖြစ်စေ တရားသဖြင့် ပြန်လည် နေရာချထားပေးသည့် သာဓကဖြစ်စဉ် မရှိကြောင်း စူးစမ်းလေ့လာရေးကာလအတွင်း စစ်တမ်း ကောက်ယူထားသည့် ဖြေကြားချက်များတွင် မကြာခဏတွေ့ရှိရပါသည်။

လုပ်ငန်းတည်ရှိရာ ကျေးလက်ဒေသရှစ်ခုအနက် VEC တစ်ခုတည်း (မွန်ပြည်နယ်ရှိကျေးရွာအမှတ် ၁၇) တွင်သာ စောဒကတက်ခြင်းနှင့် တိုင်ကြားခြင်းတို့ကိုလက်ခံ၍ တရားသဖြင့် လျော်ကြေးပေးသည့်စနစ် တစ်ရပ် ထူထောင်ထားပြီး ဖြစ်ပါသည်။ ဥပမာအားဖြင့် အစိုးရလျှပ်စစ်ဓါတ်အား ရောက်ရှိသည့် အခြားကျေးရွာ ခုနစ်ရွာတို့တွင် စနစ်များ သူ့နေရာနှင့်သူ ချမှတ်ထားခြင်းမရှိဘဲ ငွေတောင်းခံလွှာထုတ်ပေးခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့ကို VEC နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး (VA) တို့က တရားဝင်မဟုတ်ဘဲ ဆုံးဖြတ်ခြင်းဖြစ်ပါသည်။ သတ်မှတ်ရည်ညွှန်းထားသည့် လုပ်ငန်းနေရာများ၌ လျှပ်စစ်ဓါတ်အား စီမံခန့်ခွဲပေးသော ပမာဏအပေါ် အငြင်းပွားမှု သို့မဟုတ် တင်းမာမှုများ သိသာထင်ရှားမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

[၁၁] ဖြန့်ဝေမှု့ ကန့်သတ်ချက်ဖြင့် သာ ဆက်သွယ်ရေးလမ်းကြောင်းနှင့် ချိတ်ဆက်ခွင့်ရရှိ သည်ကို ချင်းပြည်နယ်တွင် မေးမြန်းသူများ တွေ့ရှိခဲ့သည်။

[၁၂] အလယ်အလတ်ဝင်ငွေရှိသော မြို့ပြဒေသများအိမ်ထောင်စုအနည်းစု ကို သာလွှမ်းခြုံသည်။

[၁၃] မန္တလေးနှင့် ရန်ကုန်ရှိ မြန်မာနိုင်ငံကုန်သည်ကြီးများအသင်း နှင့် စက်မှုဇုံများ စီမံခန့် အုပ်ချုပ်မှု ကော်မီတီ တို့သည် လျှပ်စစ်ဓာတ်အား ဖြန့်ဝေရေးကိစ္စအရပ်ရပ် နှင့် လျှပ်စစ်ဓာတ်အားခ တိုးမြှင့်သည့် ကိစ္စရပ်များ အပေါ် ၄င်းတို့၏ သဘောထားအကြံညဏ်များပေးခဲ့ သော်လည်း အကြီးစား ဤသုသေသနဆန်းစစ်ချက်တွင် ကုမ္ပဏီများ ပါဝင်ခြင်းမရှိ ကြောင်း သိရှိရန် အရေးကြီးပါသည်။

လျှပ်စစ်ဓါတ်အား ရောက်ရှိသည့်ကျေးရွာများရှိ အလားအလာ ခိုင်မာမှုရှိခြင်းကို PSIA Phase I ဆောင်ရွက်နေသည့် ကာလအတွင်း လေ့လာကြည့်ရာ အစိုးရအဖွဲ့မှ စစ်တမ်းကောက်ယူရာ၌ ဖြေကြားသူအားလုံးက လျှပ်စစ်ဓါတ်အား ပေးသည့် လုပ်ငန်းအရည်အသွေးကို ကျေနပ်ကြောင်း တွေ့ရှိရပါသည်။ မည်သို့ဖြစ်စေ ပြုပြင်ထိန်းသိမ်းမှု နှေးကွေးခြင်းနှင့် စွမ်းအားဖြည့်ဆည်းရာ၌ စွမ်းဆောင်အား နည်းပါးခြင်း အခက်အခဲများကို လုပ်ငန်း(၈)နေရာ အနက် (၄)နေရာတွင် တွေ့ရှိခဲ့ပါသည်။ အထူးအားဖြင့် အမျိုးသမီးများနှင့် အုပ်စုလိုက်တွေ့ဆုံ ဆွေးနွေးချက်များ အရ အစားအစာ ချက်ပြုတ်ရန်အတွက် ထင်းမီးစုဆောင်းခြင်း/ ဝယ်ယူခြင်းအပေါ် ကုန်ကျသည့် အချိန်/ငွေကြေးကို လျှော့ချရန်အတွက် စွမ်းဆောင်အား ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှု လိုအပ်ချက်မြင့်မားကြောင်း တွေ့ရှိရသည်။ ထို့အပြင် သွားရောက် လေ့လာခဲ့သည့် ကျေးလက်ဒေသ (၂)နေရာ၌ ပြုပြင်ထိန်းသိမ်းခြင်း/လုပ်ငန်းဆောင်ရွက်ခြင်းအတွက် ကောက်ခံသည့် အခကြေးငွေများမှာ ရှင်းလင်းမှုမရှိ၍ ယင်းဒေသရှိအိမ်ထောင်စုများက ငွေတောင်းခံလွှာများအပေါ် စောဒကတက်ခြင်းများ ရှိနေပါသည်။ ဓါတ်အားခွဲဝေသည့်ယူနစ် များပျောက်ဆုံးမှု (ကျေးရွာမီတာ နှင့် အိမ်သုံးမီတာ ယူနစ်နှင့် အခကြေးငွေများမကိုက်ညီခြင်း) ကိစ္စများတွင် ရှင်းလင်းမှုမရှိကြောင်း တွေ့ရှိရသည်။ လူမှုရေး ရင်းနှီးမြှုပ်နှံမှု/ လူမှုရေးစောင့်ရှောက်မှုအလုံးစုံအတွက် အသုံးစရိတ်များ မြင့်မားနေသည့်အချိန်တွင် (ထို့အပြင် VEC သည် မှန်ကန်မှုရှိသော အခကြေးငွေပမာဏကိုတောင်းခံလျက်ရှိကြောင်း အလုံးစုံသိမြင်နားလည်မှု ရှိပါက) သုံးစွဲသူများသည် ယုတ္တိတန်သော အပိုကောက်ခံသည့် အခကြေးငွေပမာဏအား အပြည့်အဝ နားလည် သဘောပေါက်သင့်ပါသည်။

PSIA၏ အပိုင်း(၂)ပါအတိုင်း သွားရောက် လေ့လာခဲ့သည့် မြို့သစ်များတွင် ဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သူများသည် သတင်းအချက်အလက်များ၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ငွေတောင်းခံလွှာများအပေါ် စောဒကတက်ခြင်းတို့ကို အကြောင်းပြု၍ လိုအပ်ချက်ဖြင့် ရောက်ရှိလာကြောင်းကို ပိုမိုကျယ်ပြန့်စွာ သိရှိထားပြီးဖြစ်ကြောင်း တွေ့ရှိပါသည်။ စစ်တွေတွင် ပေးပို့ထားခြင်းမရှိသော်လည်း သထုံမြို့တွင် မြို့နယ်လျှပ်စစ်စွမ်းအားဦးစီးဌာန (TED) သို့ များပြားလှသော ငွေတောင်းခံလွှာများ ပေးပို့ခဲ့ပြီးဖြစ်သည်။ စစ်တွေရှိ (TED) သည် သတင်းအချက်အလက် အသစ်များ/တိုင်ကြားချက်များအတွက် အရေးပေါ် ဖုန်းလိုင်းများ ဖြန့်ဖြူးသွားမည့် လုပ်ငန်းစဉ် တစ်ရပ်ကို ဆောင်ရွက်လျက်ရှိပြီး လက်ကမ်းစာစောင် အသစ်များ ရိုက်နှိပ်ထားပြီးဖြစ်သည်။ တိုင်ကြားစာများသည် များသောအားဖြင့် ငွေတောင်းခံလွှာ မှားယွင်းမှုနှင့်သက်ဆိုင်ပြီး မြို့နယ်ရုံးသို့ တိုက်ရိုက်သော်လည်းကောင်း၊ ငွေကောက်ခံဌာနမှ တစ်ဆင့်သော်လည်းကောင်း တိုင်ကြားခြင်းဖြစ်သည်။ ငွေတောင်းခံလွှာ နောက်ကျမှုရှိတတ် သော်လည်း အထက်ပါ ယင်းမှားယွင်းမှုများသည် (ယခုလငွေတောင်းခံလွှာရှိ မှားယွင်းမှုအား နောက်လငွေတောင်းခံလွှာ တွင် ထည့်သွင်းညှိနှိုင်းရခြင်း) အပေါ် လုပ်ဆောင်ရခြင်းဖြစ်သည်ကို တွေ့ဆုံမေးမြန်းခဲ့သည့် အိမ်ထောင်စုများအကြား အလုံးစုံသိမြင် နားလည်မှုရှိကြောင်း တွေ့ရှိရသည်။

ဤဘဏ္ဍ၏ 'ဒေသခံပြည်သူများ(OP 4.10) နှင့် အခမဲ့ပြောင်းရွှေ့ခြင်း (OP 4.12) ဘေးအန္တရာယ် ကာကွယ်ရေး မူဝါဒများသည် စီမံကိန်းအတွက် ရုတ်တရက်ပြင်းထန်သော တုန့်ပြန်မှုဖြစ်စေမည့် မီးစများဖြစ်သည်။ စီမံကိန်းသည် နိုင်ငံလုံးဆိုင်ရာနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ အားလုံး ပါဝင်သော စီမံကိန်းဖြစ်သည်။ (OP 4.12) တိုင်းရင်းသား လူနည်းစုများ သည် မြန်မာနိုင်ငံ၏ ဒေသတော်တော်များများတွင် ရှိနေပါသည်။ သို့သော် ကယား၊ ကရင်၊ ကချင်၊ ချင်း၊ မွန်၊ ရခိုင် နှင့် ရှမ်းပြည်နယ်များတွင်မူ စုစည်း နေထိုင်ကြသည်။တိုင်းရင်းသား လူနည်းစု အသိုက်အမြုံ များသည် လျှပ်စစ်ဓါတ်အားရောက်ရှိမှု ဖွံ့ဖြိုးတိုးတက်လာသည်မှ တဆင့် စီမံကိန်းလုပ်ငန်းများမှ အကျိုး အမြတ် ခံစားရရှိနိုင်မည်ဖြစ်သည်။ ထိုသို့ခံစားရာတွင် လောလောဆယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသော လျှပ်စစ်ကြိုး ကွန်ရက်စနစ် မဖြန့်ကျက်မိသေးသော ဝေးလံပြီး အစွန်အဖျားကျသည့်ဒေသတော်တော်များများနှင့် ကွန်ရက်စနစ်တွင် ပါဝင်ခြင်းမရှိသေးသော်လည်း လျှပ်စစ်ဓာတ်အားသုံးစနစ်သို့ ပြောင်းခြင်းအစီအစဉ်တွင် ဒေသ အနည်းငယ် လည်း ပါဝင်မည်ဖြစ်သည်။ အခြား အကျိုးကျေးဇူးခံစားရသူများ နည်းတူ တိုင်းရင်းသား လူနည်းစုများလည်း အိမ်ထောင်စုများအတွက် လျှပ်စစ်ဓါတ်အားသုံးစွဲမှုစရိတ် လျှော့ချမှု အကျိုးကျေးဇူးများ ရနိုင်မည်ဖြစ်ပါသည်။ (ဥပမာ။ လျှပ်စစ်ကြိုး ဆက်သွယ်မှု ကုန်ကျစရိတ် လျှော့ချခြင်းဖြင့်) နေအိမ်များ၊ လမ်းများ၊ တယ်လီဖုန်း ကြေးနန်း၊ ဖျော်ဖြေရေးလုပ်ငန်းများအတွက် လျှပ်စစ်မီး ရရှိခြင်းကြောင့် သုခချမ်းသာတိုးမြင့်လာပါသည်။ ချက်ပြုတ်ရေး အတွေ့အကြုံ ကောင်းများတိုးတက်လာ ပါသည်။ အိမ်တွင်း ပတ်ဝန်းကျင်ထိန်းသိမ်းမှု တိုးတက်လာပါသည်။ (မီးသွေးနှင့် ထင်းမီးသွေး သုံးစွဲချက်ပြုတ်ခြင်းကို လျှော့ချလိုက်ခြင်းအားဖြင့်) မိသားစုဝင်ငွေရရှိမည့် အခွင့်အလမ်း များတိုးမြင့်လာပါသည်။ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးသက်ရောက်မှု များနိုင်သမျှ များစေရန် စီမံကိန်းအရ ဆောင်ရွက်သည့် လျှပ်စစ်ဖြန့်ဖြူးသော လျှပ်စစ်ကြိုး ကွန်ရက်စနစ်အပိုင်းကဏ္ဍကို ကျန်းမာရေးဆေးခန်းများ၊ ကျောင်းများ၊ အထူးသဖြင့် ဆင်းရဲနွမ်းပါး သူများနှင့် အားနည်းချက်ရှိသော ဒေသများသို့ ဆက်သွယ်ရာ၌ ဦးစားပေး ဆောင်ရွက် သွားမည်ဖြစ်သည်။ ထို့အပြင်ကွန်ရက်မှ လျှပ်စစ်စွမ်းအား မရောက်ရှိသော နေရာတွင် နေထိုင်သူများကို ဦးတည်ချက် ထားခြင်းဖြင့် အဆိုပါ ဆင်းရဲနွမ်းပါးသူများနှင့် အားနည်းချက်ရှိသော အိမ်ထောင်စုများသည် တိုက်ရိုက် အကျိုးကျေးဇူးခံစားရရှိမည်ဖြစ်သည်။ ဤစီမံကိန်းသည် လျှပ်စစ်ဓါတ်အားလုပ်ငန်းနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက် ချမှတ်ရာတွင် ပါဝင်သူများအား တိုးတက်ကောင်းမွန်အောင် ပြုလုပ်နိုင်လာစေရန်နှင့် ကျေးရွာ လျှပ်စစ်ဓါတ်အားစနစ်သို့ ပြောင်းရေးကော်မတီ၏ ဆောင်ရွက်မှုစွမ်းအား ပိုမိုတောင့်တင်းခိုင်မာလာစေရန် ရည်ရွယ်ထားပါသည်။

## တိုင်တန်းစာများ/စွပ်စွဲချက်များအပေါ် ခြုံငုံသုံးသပ်ခြင်း နှင့် ဆုံးဖြတ်ချက်အတွက်လမ်းကြောင်းများ။

| ကျေးရွာ/ရပ်ကွက် အမည် | လျှပ်စစ်ဓာတ်အား ရရှိမှု | တိုင်တန်းစာများ/ပြန်ကြားချက် | ဆုံးဖြတ်ချက် အတွက် လမ်းကြောင်း |
|---|---|---|---|
| **ကျေးလက်ဒေသများ** | | | |
| ကျေးရွာ ၁ (ချင်း) | အစိုးရ (Hydro) | အရည်အသွေးညံ့/ဝန်ဆောင်မှုရရှိမှု | အခက်အခဲများအပေါ် ချက်ချင်း အဖြေမပေးနိုင်သေးကြောင်း ကျယ်ကျယ် ပြန့်ပြန့် ပြန်ကြားသည် ( mini-hydro မြှင့်တင်ရာတွင် အရင်းအမြစ်/အထူးစိတ်ဝင်စားမှု ရရှိဘို့လိုလိမ့်မည်) |
| ကျေးရွာ ၃ (မကွေး) | အစိုးရ Grid | ငွေတောင်းခံလွှာများ စုံစမ်းစစ်ဆေးခြင်း | VEC သို့ မေးခွန်းများပေးပို့သည်။ |
| ကျေးရွာ ၁၅ (ကရင်) | အစိုးရ Grid | စွမ်းဆောင်မှုနိမ့် ပြီး ချက်ပြုတ်နိုင်ခြင်းမရှိ၊ အလုပ်ကောင်းစွာမလုပ်သောမီတာများ နှင့် ငွေတောင်းခံလွှာဆိုင်ရာ ကိစ္စရပ်များ။ | မြို့နယ် နှင့် ဆွေးနွေးမှုများ ထပ်မံလုပ်ရန် ကျေးရွာ အုပ်ချုပ်ရေးမှူး ထံ တိုင်ကြားစာများ ပေးပို့သည်။ |
| ကျေးရွာ ၁၇ (မွန်) | အစိုးရ Grid | လျှပ်စစ်ဓာတ်အားပေးထားခြင်းမရှိ။ သို့သော် ကျေးရွာကို အခြေခံသော အဖွဲ့အစည်း CBO မှ VEC အဆင့် ၏ လျှစ်စစ် ဓာတ်အား ဆက်သွယ်ခ နှင့် အလွဲသုံးစား ကိစ္စများ အပေါ် ဝေဖန်ပြစ်တင်သံများ ထွက်လာသည်။ (မြို့နယ်မှ စုံစမ်းစစ်ဆေး ချက်အရ မည်သည့်ပြဿနာမှ မရှိကြောင်း တွေ့ရှိရသည်) ပလောင်အိမ်ထောင်စုများတွင် ဘာသာစကား အခက်အခဲကြောင့် ငွေတောင်းခံ လွှာ ကို နားလည်နိုင်ရန် အခက်အခဲများ ရှိပါသည်။ | ငွေတောင်းခံခြင်းနှင့် ပြုပြင်ခြင်းတို့နှင့် ပတ်သက်၍ VEC တွင် GRS မေးခွန်းလမ်းကြောင်းများ ရှိရာ ပြစ်တင်ဝေဖန်မှုများ သိသိသာသာမရှိကြောင်း မှတ်ချက်ပြုပါသည်။ CBO မှ အခက်အခဲ ပြဿနာများ ကို မြို့နယ်၊ ESE နှင့် နေပြည်တော် သတင်းမီဒီယာနှင့် အတူ တိုက်ရိုက် ထုတ်ဖေါ် ပြောဆိုခြင်းဖြစ်သည်။ |
| ကျေးရွာ ၁၉ (ဧရာဝတီ) | အစိုးရ Grid | အရည်အသွေးညံ့/လျှပ်စစ်ဖြတ်တောက်မမြန်။ | |
| ကျေးရွာ ၂၁ (ရခိုင်) | အစိုးရ Grid (စစ်တပ်စခန်းမှ တစ်ဆင့် ဆက်သွယ်ခြင်း) | ပြုပြင်ထိန်းသိမ်းမှုမြန်ရန် တောင်းဆို (ရာသီဥတု - မိုးရွာသွန်းမှုကြောင့်) | မြို့နယ် နှင့် ဆွေးနွေးမှုများ ထပ်မံလုပ်ရန် ကျေးရွာ အုပ်ချုပ်ရေးမှူး ထံ တိုင်ကြားစာများ ပေးပို့သည်။ |
| ကျေးရွာ ၆ (ရှမ်း) | ပုဂ္ဂလိက ကုမ္ပဏီ(Hydro) | ပလောင်အိမ်ထောင်စုများတွင် ဘာသာစကား အခက်အခဲကြောင့် ငွေတောင်းခံ လွှာ ကို နားလည်နိုင်ရန် အခက်အခဲများ ရှိပါသည်။ | |
| ကျေးရွာ ၂၃ (မန္တလေး) | အစိုးရ Grid | ချက်ပြုတ်မှုအတွက် လုံလောက်မှုမရှိ၊ဈေးကြီးခြင်း။ တစ်ဦးချင်းမီတာများမရှိ၊ အမှန်တကယ် သုံးစွဲမှုမရှိသော်လည်း အများနည်းသူ ၅၀၀၀ ကျပ် ပေးရသည်။ | VEC နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူး ထံလိပ်မူသည်။ တစ်ဦးချင်း မီတာများ တတ်ဆင်မှု ကို စဉ်းစားလျှက် ရှိသည်။ |
| ကျေးရွာ ၂၄ (မန္တလေး) | အစိုးရ Grid | ချက်ပြုတ်မှုအတွက် လုံလောက်မှုမရှိ။ | မြို့နယ် နှင့် ဆွေးနွေးမှုများ ထပ်မံလုပ်ရန် ကျေးရွာ အုပ်ချုပ်ရေးမှူး ထံ တိုင်ကြားစာများ ပေးပို့သည်။ စွမ်းဆောင်ရည်/မီးအားမမှန်မှု ဆိုင်ရာ အခက်အခဲများအပေါ် ချက်ချင်း အဖြေမပေးနိုင်သေးပါ။ |
| **မြို့ပြဒေသများ** | | | |
| သထုံ | အစိုးရ Grid | ဝင်ငွေနိမ့် သော မြို့ပြအိမ်ထောင်စုများ သည် လျှပ်စစ် ဓာတ်အား သွယ်ခ ၅၀,၀၀၀ ကျပ်ပေးရပြီး နောက်ပိုင်း ၌လည်း အခမဲ့မရ ကြောင်း။ | မြို့နယ်အဆင့်အတွက် ရံပုံငွေမရနိုင် ကြောင်းနှင့် စိတ်ဝင်စားသည့် အိမ်ထောင်စုများမှ ဆက်သွယ်ရေးလမ်းကြောင်းအတွက် မိမိ ရံပုံငွေကို တင်ပြရမည်။ မပြေလည်မှုများ ကို ရပ်ကွက်ခေါင်းဆောင်များ မှ တစ်ဆင့် မြို့နယ် လျှပ်စစ်ဓာတ်အား ဦးစီးဌာန သို့ တင်ပြရမည်။ |
| စစ်တွေ | အစိုးရ Grid (၂၀၁၄ ခုနှစ်၌ ဆက်သွယ်ခြင်း) | PSIA Phase II ကာလတွင် မည်သည့် မှတ်ချက်မျှ မရှိပါ။ | စစ်တွေရပ်ကွက် (၃)ခုလုံး ရှိ ဖြေဆိုသူများ က တိုးတက်မှုရှိကြောင်း (သို့မဟုတ်-တိုးတက်မှုအလားအလာရှိ) နှင့် ဓာတ်အား ဆက်သွယ်မှု အစီအစဉ်အရ လျှပ်စစ်ဓာတ်အားခ လျှော့ကျမှုဖြစ်သည်။ |

**ဖြစ်နိုင်ခြေရှိသော စီမံကိန်း ၏ လူမှုရေး သက်ရောက်မှုများ နှင့် အခက်အခဲများ**

**မည်သို့ဖြစ်စေ စီမံကိန်းသည် ဘေးအန္တရာယ်နှင့် စိန်ခေါ်မှုများကိုလည်း ပေးနိုင်ပါသည်။ အထူးသဖြင့် သေချာသည်မှာ တိုင်းရင်းသားလူမျိုးများသည် စီမံကိန်းရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်နိုင်ပြီး စီမံကိန်းမှ အကျိုးအမြတ်ခံစားရနိုင်မည်ဖြစ်သည်။**

တိုင်းရင်းသားလူနည်းစု အဖွဲ့အစည်းများက လူမှုရေးလုပ်ငန်းများနှင့် လူတစ်စု သီးသန့်နေထိုင်နိုင်သည့် အခြေခံအဆောက်အဦးများကို တစ်ပြိုင်နက်ထောက်ပံ့ပေးအပ်ထားသော ပဋိပက္ခဖြစ်နေသည့် သို့မဟုတ် ဖြစ်ပွားလာနိုင်သည့် နေရာဒေသ၌ လျှပ်စစ်ဓါတ်အား သုံးစနစ်သို့ ကူးပြောင်းခြင်းလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် လက်ရှိဘေးအန္တရာယ်များ အတွက် ကောင်းမွန်သော အကြံဉာဏ်များရယူရန် နှင့် စီမံကိန်း စီမံခန့်ခွဲမှုချဉ်းကပ်ပုံ နည်းလမ်းဖြင့် ဖြေရှင်းရန်လိုအပ်မည် ဖြစ်ပါသည်။ ကျေးရွာများရှိ အချို့ရွာသားများတွင် ကနဦးလျှပ်စစ်ကြိုး ဆက်သွယ်ခြင်းအတွက် ကျသင့်ငွေကို ပေးချေနိုင်စွမ်းမရှိသောကြောင့် များသောအားဖြင့် လျှပ်စစ်ဓါတ်အားပေးခြင်းကို တစ်ပိုင်းတစ်စချင်း အမြဲလိုလိုလုပ်ဆောင်ရကြောင်း PSIA တွင်တွေ့ရှိရပါသည်။ လျှပ်စစ်ကြိုးဆက်သွယ်မှုစရိတ် မြင့်မားခြင်းသည် အချို့ ကျေးရွာများအတွက် သိသာသောအကြွေးများ ဖြစ်ပေါ်စေပါသည်။ အဆိုပါအတားအဆီးများကို ဖြေရှင်းရန်တွက်ချက် တိုင်းတာခြင်းမရှိပါက စီမံကိန်းအထောက်အပံ့သည် အသိုက်အဝန်းအတွင်း လူမှုရေး ပေါင်းစည်းညီညွတ်မှုကို အားနည်းစေမည်ဖြစ်သည်။ အထူးသဖြင့် မျိုးနွယ်စုများနှင့် အိမ်ထောင်စုများ ရောယှက်နေထိုင်သော ရွာများကို ပဋိပက္ခကြောင့်သော်လည်းကောင်း သဘာဝဘေးဒုက္ခကြောင့်သော်လည်းကောင်း ပြောင်းရွှေ့ပေးရမည်ဖြစ်သည်။

စီမံကိန်းနှင့် ဆက်စပ်နေသော ဆောက်လုပ်ရေးလုပ်ငန်းများနှင့် လုပ်ငန်းလည်ပတ်ရာတွင် ဆောင်ရွက်ရသည့် လုပ်ငန်းများ သည် ဖြစ်နိုင်ခြေရှိသော ဆုံးရှုံးနစ်နာမှုများ သို့မဟုတ် ပဋိပက္ခများ အတွက် ရုတ်တရက်ပြင်းထန်သော တုန့်ပြန်မှုတို့ ဖြစ်ပွားစေနိုင်သော မီးစများအဖြစ် ရောက်ရှိနိုင်ပါသည်။ ကုမ္ပဏီများ၏ အသုံးချမှုနှင့်/ သို့မဟုတ် (ကွဲပြားခြားနားသော တိုင်းရင်းသားအစုအဖွဲ့ တို့မှလည်းကောင်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဒေသပြင်ပမှသော်လည်းကောင်း) အလုပ်သမားခန့်ထားသည့်ရင်းမြစ်၊ လုပ်ငန်းတွင်ပါဝင်သည့် အကြံပေးများနှင့် အလုပ်သမား ခန့်အပ်ထားသူများ၏ အရည်အသွေးချို့တဲ့အားနည်းခြင်း၊ ဒေသခံဘာသာစကားများနှင့် ပြည့်စုံမှု မရှိသော ကြိုတင်သတိပေးမှုနှင့် အကြံဉာဏ်များရယူခြင်း၊ အဆိုပါ အသိုက်အဝန်းအတွင်း မြေယာအသုံးချမှုနှင့် မြေယာ ပိုင်ဆိုင်မှု သဘောတရားပုံစံများကို သိရှိမှုအားနည်းခြင်း၊ သီးခြားဖြစ်သော အသိုက်အဝန်းတို့၏ ရိုးရာယဉ်ကျေးမှု တန်ဖိုးအား သိရှိမှုနည်းပါးခြင်း၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များနှင့် သက်ဆိုင်သော လုံခြုံရေး အသိုက်အမြုံ တို့သည်လည်း သီးခြားမီးစများ အဖြစ်ပါဝင်ပါသည်။

ကန့်သတ်ချက်များ အကယ်၍ရှိနေပါက မြေယာရှာမှီးခြင်းသည် အများအားဖြင့် အစပျိုးခြေလှမ်း အနေဖြင့် စီမံကိန်း အထောက်အပံ့ရယူသည့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားအဖြစ် ရည်မှန်းကြပါသည်။ မြေယာရှာမှီးခြင်းကို ရှောင်ရှားရန် သာမန်အားဖြင့် လက်ရှိခွင့်ပြုထားသော လမ်းကြောင်းအတိုင်း လုပ်ဆောင်သွားခြင်းဖြင့် ပြောင်းလွယ်

ပြင်လွယ်ရှိပါသည်။ မည်သို့ဖြစ်စေ အချို့သောမြေယာရှာဖွေ ဖော်ထုတ်ခြင်း သို့မဟုတ် ဥပမာအားဖြင့် လက်ရှိအခြေအနေ ကိုတိုးချဲ့ခြင်းနှင့် ပတ်သက်၍ အလတ်စား ဓါတ်အားထိန်းရုံခွဲ (MV) အသစ်များ တည်ဆောက်ခြင်း၊ အလတ်စား ဓါတ်အားလိုင်းများ တည်ဆောက်ခြင်း ၊ ဓါတ်အားနိမ့်လိုင်းများနှင့် ရေအားလျှပ်စစ်ဓါတ်အားပေးစက်ရုံငယ်များ တည်ဆောက်ခြင်းအားဖြင့် သစ်ပင်များနှင့် သီးနှံပင်များကဲ့သို့သော ပိုင်ဆိုင်မှုများ ဆုံးရှုံးနစ်နာခြင်းကို ထည့်မတွက်ဘဲထား၍ မရနိုင်ပါ။ အခြေခံအဆောက်အဦးကိစ္စရပ်များ အတွက် ဘုံပိုင်ကျေးရွာမြေကို အသုံးပြု၍ထူထောင်ခြင်းကို တိကျမှန်ကန်သည့် မှတ်တမ်းများမမြင်တွေ့ဖူးကြောင်း၊ သဘောဆန္ဒအလျောက် မြေယာလှူဒါန်းလေ့ရှိသော်လည်း မှတ်တမ်းမှတ်ရာများ တွေ့ရခဲ့ကြောင်း PSIA နှင့် လူမှုရေးအကဲဖြတ်ချက်များတွင် တွေ့ရှိရပါသည်။

**စီမံကိန်းပြင်ဆင်ဆဲကာလ အတွင်း တိကျသော စီမံကိန်းလုပ်ငန်းနေရာများကို ခွဲခြားဖော်ထုတ်နိုင်ခြင်း မရှိသေးသည့်အတွက် ဘေးအန္တရာယ်ကာကွယ်ရေး အကျိုးသက်ရောက်မှု ကိုလည်း စီမံကိန်း အကောင်အထည်ဖော်ဆောင် ရွက်သည့်အထိ ဆုံးဖြတ်နိုင်မည်မဟုတ်ပါ။** သတ်မှတ်ထားသော ရင်းနှီးမြှုပ်နှံမှုများနှင့် စီမံကိန်းခွဲမှုများ အတွက် ဘေးအန္တရာယ် တားဆီးကာကွယ်ရေး ပြဿနာမှန်သမျှ စစ်ဆေးရန်နှင့် ဖြေရှင်းပေးရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးစီမံခန့်ခွဲမှု မူဘောင်တစ်ရပ် (ESMF) ကိုပြင်ဆင်ခဲ့ပြီးဖြစ်သည်။ (ESMF) တွင် လိုအပ်ချက် အသီးသီးအရ ဒေသခံပြည်သူများစီမံကိန်းရေးဆွဲရေးမူဘောင်နှင့် OP 4.10 နှင့် 4.12 ကိုဖြေရှင်းရန် ပြန်လည်နေရာချထားရေး မူဝါဒဆိုင်ရာမူဘောင် (RPF) ပါဝင်ပါသည်။ ၎င်းတွင် သတ်မှတ်ထားသော ပြန်လည်နေရာချထားရေးစီမံကိန်းများနှင့် ဒေသခံပြည်သူများအတွက် စီမံကိန်းများလည်းပါဝင်ခဲ့ပါသည်။ RPF တွင်သဘောဆန္ဒအရ မြေယာပေးလှူရေး စာချုပ်ငယ်များလည်း ပူးတွဲပါဝင်မည်ဖြစ်သည်။ (အသေးစိတ်ကို VI နှင့် Annex 3 ကိုကြည့်ရှုပါ)

**နိဂုံးချုပ်နှင့် အကြံပြုချက်များ**

*ကျေးလက်ဒေသများတွင်*

**ယခုလက်ရှိကျင့်သုံးနေသည့် SRE ကိုယ်ထူကိုယ်ထလျှပ်စစ်ဓါတ်အားရရှိရေးကြိုးပမ်းမှု သည် ဖြစ်နိုင်ခြေ (ရှိ/မရှိ) လေ့လာသည့်လုပ်ငန်း များအတွက် လူမှုအဖွဲ့အစည်း/ရပ်ကွက်ကျေးရွာအဆင့်တွင် ငွေကြေးထောက်ပံ့မှု သီးသန့် သတ်မှတ်ထားခြင်းမရှိသဖြင့် လက်ရှိအနေအထား တွင် ငွေကြေးအဆင်ပြေ/ ချမ်းသာသည့်ကျေးရွာများ၊ ထိုကျေးရွာများ တွင်နေထိုင်သည့် ကြေးရေတတ်လူချမ်းသာ အိမ်ထောင်စုများသာ အစိုးရကပေးသည့် လျှပ်စစ် ဓါတ်အားကို အသုံးပြုနိုင်ကြသည်။**[၁၄] ကိုယ်ထူကိုယ်ထလျှပ်စစ်ဓါတ်အားရရှိရေးအတွက် လူမှု အဖွဲ့အစည်း ဆော်ဩ စည်းရုံးခြင်း နှင့် စီမံဆောင်ရွက်သည့်လုပ်ငန်းစဉ်သည် လမ်းညွှန်မှုအားနည်းသဖြင့် ရပ်ရွာအတွင်းရှိ လူဆင်းရဲ အိမ်ထောင်စုများ အား အစိုးရပေးသည့် လျှပ်စစ်ဓါတ်အား မရရှိစေရန် စနစ်တကျထုတ်ပယ်ချန်လှပ်ထား သကဲ့သို့ ဖြစ်စေပါသည်၊ ကုန်ကျစရိတ်နှင့် အသုံးပြုခွင့်အတွက် အစီအစဉ်ရေးဆွဲခြင်း၊ ဆွေးနွေးခြင်းများပြုလုပ်သည့်အခါ အဆိုပါ

အိမ်ထောင်စုများအနေနှင့်ပါဝင် တက်ရောက်ဆွေးနွေးရခြင်းကို သုတေသနအဖွဲ့အနေနှင့် တွေ့ရှိခဲ့ခြင်းမရှိပါ၊ ရပ်ရွာအစီအစဉ်များကို ရပ်ရွာခေါင်းဆောင်လူကြီးများအနက် ရွေးချယ်တင်မြှောက် ထားသည့်အဖွဲ့ဝင်များ ပါဝင်သည့် လျှပ်စစ်ဓါတ်အားပေးရေးကော်မီတီကသာဦးဆောင်သည်၊
သတင်းအချက်အလက်များ ကိုရပ်ရွာလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခြင်း အသိပေးခြင်းမရှိပေ၊ ရပ်ရွာလူထုအဆင့် ဆင်းရဲသော အိမ်ထောင်စုများ လျှပ်စစ်ဓါတ်အား လက်လှမ်းမှီမှုအတွက် ထောက်ပံ့ကြေးပေးသည်ကို သုတသနပြုလုပ်သည့် နေရာတိုင်းတွင် လေ့လာတွေ့ရှိ ရသည်၊ လူမျိုး၊ ဘာသာလိုက်၍ ရပ်ရွာ**သား**များအား ချန်ထားခြင်း ပြုသည်ကို မတွေ့ရပေ၊ သို့ရာတွင် ဤအချက်ကို လေ့လာရန် ဆင်းရဲမွဲတေမှု နှင့် လူမှုရေးအကျိုးသက်ရောက်မှုများ ဆန်းစစ်လေ့လာချက်၏ နောက်ဆက်တွဲအဆင့် အနေဖြင့် ဆက်လက်ဆောင်ရွက်ရန်လိုအပ်ပြီး၊ အရည်အသွေးအခြေပြု လူမှုစီးပွားရေးကြီးကြပ်စစ်ဆးမှုသုတေသနက အသုံးပြုခဲ့သော နမူနာရွေးချယ်ထားသည့် ဒေသများနှင့် မတူသည့် နမူနာကိုရွေးချယ်ရမည်ဖြစ်သည်။

ထို့အတူ လျှပ်စစ်ဓါတ်အားပေးရေး ကော်မတီလုပ်ငန်းများတွင် (နှုန်းထားသတ်မှတ်ခြင်းအပါအဝင်) စည်းမျဉ်းစည်းကမ်းမရှိခြင်း/ကင်းမဲ့ခြင်း ၏ လက်ငင်းအကျိုးဆက်အားဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ချမှတ်သောနှုန်းထားများထက် ပိုမိုကောက်ခံခြင်း (၅၀ကျပ်/ကီလိုဝပ် နှင့် ၂၀၀ ကျပ်/ကီလိုဝပ်) ကိုဖြစ်ပေါ်စေသည်။

ကျေးလက်ဒေသ အတွင်းရှိအစိုးရဝန်ဆောင်မှု သုံးစွဲသူများသည် ဆက်သွယ်ရေး ဓါတ်အားပေးလိုင်းများ ပြုပြင်ထိန်းသိမ်းစရိတ် နှင့် ငွေပေးချေမှုကောက်ခံရန်အတွက် ထပ်ဆောင်းငွေကိုလည်း ပေးရပါသည်။ ထို့အပြင်၊ ကျေးလက် အိမ်ထောင်စုများအနေဖြင့် ကျသင့်ငွေ တောင်းခံလွှာကို နားလည်ရန်ခက်ခဲခြင်း (မကြာခဏစာရင်းကို တစ်ခုချင်း ရေးသားမထားခြင်း) ကိုလည်း သတိပြုရန် အရေးကြီးပါသည်။

ခိုင်မာသော လူမှုရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကြီးမားပြီး ကျေးရွာခေါင်းဆောင် နှင့် လျှပ်စစ်ဓါတ်အားပေးရေးကော်မတီကို ယုံကြည်အားထား မှုရှိပါက ပုံမှန်ငွေ ပေးချေလေ့ရှိသည်။ ယခုကဲ့သို့ ပိုမိုမြင့်မားသော စရိတ်နှုန်းထားများအပေါ်တွင် ဆန့်ကျင်သောတုံ့ပြန်မှု /အဆိုးမြင် ပြောဆိုမှုများကို သုတေသနအဖွဲ့ မှ မတွေ့ရှိခဲ့ရပါ။

ကျေးရွာဒေသများတွင် အစိုးရလျှပ်စစ်ဓါတ်အားပေးရေး ဝန်ဆောင်မှု ရရှိသော အိမ်ထောင်စုများ (ထိုဒေသရှိ လူချမ်းသာ အုပ်စုများ အပါအဝင်)၏ သတင်းအချက်အလက်များ နှင့် လျှပ်စစ်ဓါတ်အားအသုံးနည်းမှု/ကန့်သတ်မှုအရ လက်ရှိ လျှပ်စစ်ဓါတ်အား အသုံးပြုနေသူ များထံမှ ခေတ်နှင့်အညီ အသစ်ပြုပြင်ထားသည့်/ပြောင်းလဲ စည်းကြပ်ကောက်ခံမည့် လျှပ်စစ်ဓါတ်အားခအပေါ် (ထိုနှုန်းထားသစ်များအရ ကောက်ခံသည့် ဒေသများမှ) ဆန့်ကျင်သော တုန့်ပြန်မှုများ မရှိခဲ့ပါ၊ အဆိုပါအိမ်ထောင်စု အများစုသည် လျှပ်စစ်မီးကို ညနေပိုင်းတွင်မီးထွန်း ရန် နှင့် ရုပ်မြင်သံကြားကြည့်ရန်သာ အသုံးပြုကြပြီး စည်းကြပ်သည့် လျှပ်စစ်ဓါတ်အားခ တိုးလာသည့်အတွက် မထိခိုက်ကြပါ၊ အားလုံးခြုံငုံ သုံးသပ်ပါက အစိုးရ၏ဝန်ဆောင်မှုသည် သမားရိုးကျမဟုတ်သော စီစဉ်ပံ့ပိုးသူ သို့မဟုတ် ရပ်ရွာလူထု၏

ကိုယ်စွမ်းကိုယ်စဖြင့် ရေအားလျှပ်စစ် သို့မဟုတ် ဒီဇယ်လျှပ်စစ်ဓါတ်အား ပေးစက် အသေးစားများကို အသုံးပြု၍ ရရှိခြင်းထက် ငွေကြေးပိုတန်သည်။

ကျေးရွာများနှင့် ကျေးရွာများအတွင်းရှိ အိမ်ထောင်စုတစ်စုစီသို့ လျှပ်စစ်ဓါတ်အား ဆက်သွယ်ရေး စရိတ်မျှဝေကျခံခြင်းသည် တစ်နိုင်ငံလုံး လျှပ်စစ်ဓါတ်အား ရရှိရေး စီမံကိန်း၏အရေးကြီးသော အချက်တစ်ခုဖြစ်ပါသည်၊ တစ်နိုင်ငံလုံး လျှပ်စစ်ဓါတ်အားရရှိရေး စီမံကိန်းသည် သာတူညီမျှ လျှပ်စစ်ဓါတ်အား ဆက်သွယ်ရရှိရေးကို သေချာစေရန် ကြိုးပမ်းနေသည်၊ ကျေးရွာများသို့ လျှပ်စစ်ဓါတ်အား သွယ်တန်းခြင်းအတွက် ကုန်ကျစရိတ်အပြင် အိမ်ထောင်စု တစ်စုချင်းစီသို့ လျှပ်စစ်ဓါတ်အားသွယ်တန်းမှု ကုန်ကျစရိတ် ထပ်မံကျခံရခြင်းသည် ဝင်ငွေနည်းပါးသော အိမ်ထောင်စုများအတွက် ဒုတိယပဆင့် အဟန့်အတားဖြစ်သည်။

လျှပ်စစ်ဓါတ်အားကော်မတီများ၏ အလုပ်လုပ်ဆောင်မှုကို စည်းမျဉ်း သတ်မှတ်ချထားခြင်းနှင့် ပြည်သူလူထု ပါဝင်မှု၊ ကောင်းမွန်သည့် အုပ်ချုပ်မှု၊ နှင့် လူမှုရေးတာဝန်ခံမှုတို့ကို အာရုံစိုက်မှုအပါအဝင် ကျွမ်းကျင်မှု အကူအညီပေးခြင်းသည် တူညီစွာ အရေးကြီးသည့် လိုအပ်ချက်ဖြစ်ပေသည်။ ကျေးလက်ဒေသ များတွင် လျှပ်စစ်ဓါတ်အားခ သတ်မှတ်ခြင်းအပြင် လျှပ်စစ်ဓါတ်အား ကော်မတီများ၏ အလုပ်လုပ်ဆောင်မှုနှင့် ကြီးကြပ်ရေးတာဝန်သည် တစ်နိုင်ငံလုံး လျှပ်စစ်ဓါတ်အား ရရှိရေး စီမံကိန်း၏ စီမံခန့်ခွဲမှုအောက်တွင် ပိုမိုကြံ့ခိုင်သည့် အကျိုးရရှိပေမည်၊ (ကျေးလက်ဒေသများ တွင် လျှပ်စစ်ဓါတ်အားလိုင်း နှင့် ပတ်သက်၍ ကြားဖြတ်အဖြေရှာခြင်းတွင် အဆိုပါကော်မတီများက ဆက်လက်ဆောင်ရွက်နေသော/မပြီးဆုံးသေးသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားရန် မျှော်လင့်ထားသည်၊)
သုတေသနအဖွဲ့သည် အုပ်ချုပ်မှု၏ စိန်ခေါ်မှုများနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုများတွင် ပွင့်လင်းမြင်သာမှုမရှိသည့်ဖြစ်ရပ်များကို တွေ့ရှိခဲ့ရသည်၊ ယေဘူယျအားဖြင့် ကျေးရွာအဆင့်၌ ခေါင်းဆောင်မှုအရည်အသွေးနှင့် လူမှုရေးပေါင်းစည်းညီညွတ်မှုသည် လက်ရှိအခါတွင် ပြင်ပစည်းမျဉ်း/ သတ်မှတ်ချက် နှင့် ပံ့ပိုးမှု မရှိသည့်အခါ စီစစ်ဆုံးဖြတ်သည့် အခန်းကဏ္ဍက ပါဝင်သည်၊ ထိုကိုယ်ထူကိုယ်ထလျှပ်စစ်ဓါတ်အားရရှိရေးကြိုးပမ်းမှု သည် ဒေသအလိုက် အလွန်ကွဲပြားခြားနားသော အကျိုးရလဒ်ကို ရရှိစေကြောင်း သုတေသနအဖွဲ့က တွေ့ရှိမှတ်သားခဲ့ပါသည်၊ ( ဥပမာ- ယခုအခါ စည်းမျဉ်းများသည် လုပ်ငန်းအရည်အသွေးပိုမိုမြင့်တက်စေခြင်းမရှိပါ)။

**မဟာလျှပ်စစ်ဓါတ်အားလိုင်းနှင့် မဆက်သွယ်ထားသော ဆင်းရဲသားများနှင့် မျက်နှာမွဲ လူနည်းစု နေထိုင်ရာနေရာအနှံ့[၁၅] သို့သွားရောက်ကြည့်ရှုလေ့လာခဲ့ရာ တရားမဝင် လျှပ်စစ်ဓါတ်အားပေးသူများ၏ အခြေခံဝန်ဆောင်မှုစရိတ် (ညပိုင်း မီးထွန်းရန်အတွက် တစ်လကို ငွေကျပ် ၁၀၀၀ မှ ၁၅၀၀) ကိုပင် ပေးဆောင်ရန်မတတ်နိုင်သည်ကို လေ့လာခဲ့ပါသည်။**

*[၁၅] - မဟာလျှပ်စစ်ဓါတ်အားလိုင်း လက်လှမ်းမှီသည့်ကျေးရွာများ*

တစ်နိုင်ငံလုံးလျှပ်စစ်ဓါတ်အားရရှိရေးစီမံကိန်း အောက်ရှိ ဤအုပ်စုအား လျှပ်စစ်ဓါတ်အား တိုးချဲ့ရရှိနိုင်စေရန်အတွက် အိမ်ထောင်စုများသို့ လျှပ်စစ်မီး သွယ်တန်းခြင်းအပါအဝင် ဆက်သွယ်ရေးကုန်ကျစရိတ်အားလုံးကို နှုန်းထားသက်သာစေရန် နှင့် ပို၍သက်သာသောအခွန်အခများကို စတင်အသုံးပြု ရန်လိုအပ်ပါသည်။

*မြို့ပြဒေသများတွင်*

အထက်တွင် ဖော်ပြထားသည့်အတိုင်း၊ မြို့ပြဒေသများတွင် ကိုယ်ထူကိုယ်ထဖြင့်လျှပ်စစ်ဓါတ်အားရရှိရန် အလားအလာမရှိသည့်အခါ လျှပ်စစ်ဓါတ်အားဆက်သွယ် ရရှိရန်ကုန်ကျစရိတ် သည် အဓိကအလေးထားရမည့် အချက်မဟုတ်ပေ။ ဟားခါးတွင် လျှပ်စစ်ဓါတ်အား သုံးစွဲလိုမှု မြင့်မားခဲ့ပြီး ခြိုင်ငုံစဉ်းစားကြည့်လျှင် လျှပ်စစ်ဓါတ်အားသုံးစွဲမှုအပေါ် လျှပ်စစ်ဓါတ်အားခအသစ် ကောက်ခံခြင်းဖြင့် အိမ်ထောင်စုများ၏ စွမ်းအင်အတွက်ကုန်ကျစရိတ် သိသိသာသာ လျော့ကျလာမည်ဖြစ်သည်။ လက်ရှိတွင် လောင်စာဆီဝယ်ယူမှုသည် ဟားခါးတွင်ရှိသော အိမ်ထောင်စုများနှင့် အသေးစား စီးပွားရေးလုပ်ငန်းများအတွက် ကြီးမားသော ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်နေပေသည်။

ရန်ကုန်နှင့်မန္တလေးမြို့ဒေသများတွင် အစိုးရက အပြည့်အဝဝန်ဆောင်မှုမပေးနိုင်သည့် ဆင်းရဲသားရပ်ကွက်များ၌ အိမ်အတွင်း မီးကြိုးဆက်သွယ်စရိတ်သည် ဝင်ငွေနည်းသည့်အိမ်ထောင်စုများအတွက် သိသာထင်ရှားသည့် အဟန့်အတားတစ်ခုဖြစ်ပါသည်၊ ထို့ပြင် ရန်ကုန်တွင်တရားမဝင် အခြေချနေထိုင်သူများ (ရန်ကုန် ၃ တွင် အိမ်ထောင်စုပေါင်း ၁၀၀၀) သည် လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ မရရှိနိုင်သဖြင့် လျှပ်စစ်ကြိုးသွယ်တန်းခွင့် မရရှိကြပါ၊ သမားရိုးကျမဟုတ်သော စီစဉ်ပံ့ပိုးသူများနှင့်စာလျှင် အစိုးရဝန်ဆောင်မှု (အစိုးရလျှပ်စစ်ဓါတ်အား) ကပိုတန်သည်ဟု ယူဆကြသည့် အိမ်ထောင်စုများက ဝန်ဆောင်မှုများကို တောင်းဆိုမှုများပြားလာပါသည်၊ ရန်ကုန်တွင်တွေ့ဆုံမေးမြန်းခဲ့သည့် အိမ်ထောင်စု အနည်းငယ် (ရန်ကုန် ဒေသ ၃ ရှိ လူဆင်းရဲရပ်ကွက် မှ ၂၅ဦးအနက် ၄ဦး) က သူတို့သည် ပုံမှန်လျှပ်စစ်မီတာခများကို ပေးဆောင်ရန်မတတ်နိုင်ကြသဖြင့် သမားရိုးကျ မဟုတ်သောစီစဉ်ပံ့ပိုးသူများကို အားထားပြီးနေ့စဉ်ငွေပေးချေရန်ရွေးချယ်ကြသည်။

ယေဘူယျအားဖြင့် ရန်ကုန်နှင့်မန္တလေးရှိ အလယ်အလတ်ဝင်ငွေရှိသည့် အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းငယ်များထဲတွင် အသစ်စည်းကြပ်သည့် လျှပ်စစ်ဓါတ်အားခများအပေါ်တွင် ပြင်းထန်သည့် အဆိုးမြင်ပြောဆိုမှုများ ရှိလာခဲ့ပါသည်၊ မြို့ပြဒေသရှိအိမ်ထောင်စုများသည် နှုန်းထားသစ်များ အကြောင်း သိထားပြီးဖြစ်ပြီး၊ သူတို့၏လျှပ်စစ်ဓါတ်အားခ ကျသင့်ငွေတောင်းခံလွှာတွင် ကွာဟသည့်ကျသင့်ငွေတောင်းခံခြင်းကို ကောင်းကောင်းနားလည်မည် ဖြစ်သည်၊ အလယ်အလတ်ဝင်ငွေရှိသည့် အိမ်ထောင်စုများ၏ တုံ့ပြန်ချက်မှာ ယေဘူယျအားဖြင့် ငွေမပေးနိုင်၍ မဟုတ်ဘဲ ဝန်ဆောင်မှု (တွင်တွေ့ရှိရသည့်) တိုးတက်မှုမရှိခြင်းကိုဖြစ်သည်၊ ဖြေကြားသူများက ချွေတာစုဆောင်းသည့် အစီအမံ/စီမံချက်များ ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြပြီး၊ ငြင်းပယ်/ဆန့်ကျင် သောကိုင်တွယ်ဖြေရှင်းမှု(သို့)ငွေပေးချေမှု နှောင့်နှေးခြင်းတို့ကို မတွေ့ရပေ။

မကောင်းသည့် အကျိုးသက်ရောက်မှုတစ်ခုအနေနှင့် အဆိုပါမြို့ဒေသနှစ်ခုလုံးရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအနက် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ဝန်ထမ်းများအလုပ်ထုတ်ပြီး ထုတ်လုပ်မှု လျှော့ချနေခြင်းကိုတွေ့ရှိခဲ့ရသည်၊ လျှပ်စစ်ဓါတ်အားအရည်အသွေးမရှိခြင်း နှင့်ကုန်ကျစရိတ်ရှိသည့် ဒီဇယ် လျှပ်စစ်ဓါတ်အားပေးစက် လိုအပ်ခြင်းတို့မှာအဆိုပါလူစု၏ အဓိက မကျေမနပ်ဖြစ်သည့်အချက် ဖြစ်သည်။

ကျေးလက်ဒေသမှာကဲ့သို့ပင်၊ သာတူညီမျှဖြစ်သည့် တစ်နိုင်ငံလုံးလျှပ်စစ်မီးရရှိရေးစီမံကိန်းတွင် ဆင်းရဲသော ရပ်ကွက်မှ အိမ်များသို့ လျှပ်စစ်ဓါတ်အား ဆက်သွယ်နိုင်ရန် နှုန်းထားသက်သာစွာကျခံမှုသည် အရေးကြီးသည်ဟုထင်ရသည်၊ တရားမဝင် အခြေချနေထိုင်ခြင်းများအတွက် လျှပ်စစ်ဓါတ်အား ရရှိရန်လျှောက်ထားခြင်း/ သွယ်တန်းရန် လျှပ်စစ်ကြိုးများအတွက် လိုအပ်ချက်များကို လွယ်ကူရှင်းလင်းအောင်ပြုလုပ်ခြင်းသည် တူညီစွာ အဓိကကျပါသည်၊ ကျေးလက်ဆင်းရဲသား နှင့်မွဲတေသူများ၏အိမ်ထောင်စုများကဲ့သို့ပင် ဤအုပ်စု၏စွမ်းအင်အသုံးချမှုကို အနီးကပ်ဆန်းစစ် လေ့လာချက်သည် ပင်မလျှပ်စစ်ကြိုး *(life-line)* နှုန်းထား အသုံးတည့်အောင် စီစဉ်ဆောင်ရွက်ခြင်းအတွက် အရေးကြီးသည်။ လက်ရှိလျှပ် စစ်ဓါတ်အားခနှုန်းများသည် ထိခိုက်လွယ်သူများအုပ်စုက မတတ်နိုင်သည့် နှုန်းထားများ ဖြစ်သဖြင့် အဆိုပါအုပ်စုမှာ လျှပ်စစ်ဓါတ်အား ဆက်သွယ်တပ်ဆင်ပေးသည့် စနစ်အစီအစဉ် မှချန်ထားခံခဲ့ ရမည်အခြေအနေတွင်ရှိပေမည်။

အထူးသဖြင့်နှုန်းထားတိုးမြှင့်မည်ဆိုပါက အရည်အသွေး၊ ယုံကြည်အားထားရမှု နှင့် ပြုပြင်သည့်ဝန်ဆောင်မှုများတွင် တိုးတက်မှုရှိရန် လိုအပ်ပါသည်။ သုံးစွဲသူများနှင့် ဆက်သွယ်ခြင်း၊ တုံ့ပြန်ခြင်း၊ နစ်နာကြေး/လျော်ကြေးပေးခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း/နည်းလမ်း များမှာ မရှိသလောက်နီးပါး ပြီး သတင်းအချက်အလက် များသည် ပုဂ္ဂိလ်ရေး ဆက်သွယ်မှု အပေါ် အခြေခံ၍ရောက်ရှိလာသည်၊

### *လူမှုရေးအကျိုးသက်ရောက်မှုများ၊ ဘေးအန္တရာယ်များ/အရဲစွန့်ရမှုများနှင့် အကာအကွယ်အရန်အတား*

သာတူညီမျှရှိခြင်း၊ပွင့်လင်းမြင်သာခြင်း နှင့် တာဝန်ခံခြင်း မရရှိနိုင်မည့်အလားအလာတို့ကို သက်သာ လျော့ပါးစေရန်စီမံကိန်းသည် အောက်ခြေကျယ်ပြန့်ပြီး လူထုအခြခံစီမံကိန်းလုပ်ငန်းစဉ်များ အစအဆုံး အကျုံးဝင်/ပါဝင်ရန်၊ ရပ်ရွာလူထုအနေဖြင့် ကျေးရွာအဆင့်တွင် စီမံကိန်းလုပ်ငန်းခွဲ မဆောင်ရွက်မီ ခိုင်မာပြီး ကွဲပြားချက်အနည်းငယ်ရှိသော နားလည်မှုရှိရန်နှင့် ပဋိပက္ခ /သဘောထားကွဲလွဲမှု/ အငြင်းပွားမှု စိစစ်သည့် လုပ်ငန်းစဉ်ကို ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုအဆောက်အအုံတွင် ပေါင်းစည်းရန်အလွန်အရေးပါသည်၊ *ထို့ပြင်* *မဟာလျှပ်စစ်ဓါတ်အားလိုင်း* နှင့်ထိုလိုင်းမဟုတ်သည့် ဓါတ်အားလိုင်းနှစ်ခုလုံးနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်း ရည်မှန်းချက်နှင့် စီစဉ်ခြင်းများသည် ပွင့်လင်းမြင်သာပြီး ကျယ်ပြန့်စွာဆက်သွယ်ထားသည့် အကြောင်းပြချက်/ သဘောတရားကို ကြောထောက်နောက်ခံပြုထားရန် အရေးကြီးပါသည်၊ ထို့ပြင် ပဋိပက္ခ /သဘာထားကွဲလွဲမှု/ အငြင်းပွားမှု ကို သတိထားရသည့်နည်းလမ်းကို အလေးအနက်စဉ်းစားကာ ပုံဖော်ထားပြီး အစအဆုံးပါဝင်၍

ကောင်းစွာအကောင်အထည်ဖေါ်ထားသော အကြိုသဘောတူညီချက်ရယူခြင်းနှင့် ဆက်စပ်ပတ်သက်သည့်နည်းဗျူဟာဖြင့် စီမံကိန်း ဖေါ်ဆောင်ရန် အလွန်အရေးပါသည်။

ရပ်ရွာလူထုအပါအဝင် လုပ်ငန်းနှင့်တိုက်ရိုက်မသက်ဆိုင်သော ကြားလူပါဝင်ကြီးကြပ်စစ်ဆေးသည့် ပွင့်လင်းမြင်သာပြီး ပုံမှန် စောင့်ကြည့်စစ်ဆေးခြင်းသည် ပွင့်လင်းမြင်သာခြင်းနှင့် တာဝန်ယူခြင်းကို သဘောပေါက် စေရာတွင်အဖိုးတန်သည့်အခန်းကဏ္ဍကပါဝင်သည်၊

မြန်မာနိုင်ငံကဲ့သို့ အမျိုးမျိုးကွဲပြားခြားနားသောယဉ်ကျေးမှုနှင့် ဘာသာစကားရှိသည့်ဒေသများတွင်လျှပ်စစ်ဓါတ်အား နှင့်အခြေခံအဆောက်အအုံ ပံ့ပိုးပေးရန်အတွက် စီမံချက်ဒီဇိုင်းနှင့် ပတ်ဝန်းကျင်နှင့် လူမှုစီမံခန့်ခွဲရေး အဆောက်အအုံအရ ဆောင်ရွက်နိုင်ရန် အထူးထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်၊ ဤကိစ္စ၌ ဘာသာစကားအသုံးပြုမှု နှင့် ဆွေးနွေးညှိနှိုင်းပွဲနှင့် အချိန်အချက် ပွဲပြင်ဆင်မှုများတွင် ဗမာစကားမတတ်သည့် စီမံကိန်းအကျိုးခံစားရမည့်သူများ နှင့်အခြားအစုရှယ်ယာဝင်/ကုမ္ပဏီများအတွက် ထိရောက်စွာဆက်သွယ်ပြောဆိုနိုင်ရန်၊ ပါဝင်ဆောင်ရွက်မှု စောင့်ကြည့်စစ်ဆေးခြင်း နှင့်အကဲဖြတ်ခြင်း၊ ကျေးရွာ၊ခရိုင်၊တိုင်းဒေသကြီး/ပြည်နယ် နှင့် နိုင်ငံအဆင့်တွင် တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များနှင့်တွေ့ဆုံခြင်းတို့ပါဝင်သည်၊

စီမံကိန်းလုပ်ငန်းများသည် အဓိကအားဖြင့် သာမညအကာအကွယ်သာရှိပြီး အန္တရာယ်အနည်းငယ်ရရာ၊ စီမံကိန်းကိုလူမှုရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုကို နည်းနိုင်သမျှနည်းစေရန် အသင့်ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖေါ် ဆောင်ရွက်ခြင်းတို့ပြုလုပ်ရမည်၊ သဘာဝရင်းမြစ်များနှင့်ပတ်ဝန်းကျင်သည် လူနည်းစု/ လူမျိုးစုငယ်တို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုလက္ခဏာတို့ အတွက်အဓိကကျပြီး၊ သူတို့၏အသက်မွေးမှုအတွက် အရေးပါသော အခန်းကဏ္ဍကပါဝင်ရာ၊ ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုအဆောက်အအုံ ၏စစ်ဆေးမှုနှင့် ကာကွယ်ပေးမှုလုပ်ငန်းစဉ်ဖြင့် အများပိုင်သစ်တောနှင့်(စမ်း)ချောင်းများကို ထိခိုက်ပျက်စီးနိုင်စေမှုများကို ဖေါ်ထုတ်၍ ထိခိုက်ပျက်စီးမှုများ (သစ်တောပြုန်းတည်းမှု၊ စမ်းရေခမ်းခြောက်မှု) မဖြစ်စေရန်၊ ထိခိုက်ပျက်စီးမှုနည်းစေရန်၊ သို့မဟုတ် လျော့ပါးသက်သာစေရန် ဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှု အဆောက်အအုံကလည်း နေရာရွေးချယ်ရန် မူချမှတ်ရာတွင် မြေပြိုခြင်း၊ ရေလွှမ်းမိုးခြင်း (သို့) ရာသီဥတုပြောင်းလဲမှုကြောင့် အသင့်အတင့်နှင့် ရေရှည်အကျိုးသက်ရောက်မှု/ပြောင်းလဲမှုများကို ထည့်သွင်း စဉ်းစားသင့်သည်။

လုပ်ငန်းနေရာအလိုက် စီမံကိန်းလုပ်ငန်း(လုပ်ငန်းခွဲ)များသည် စေတနာအလျောက်လှူဒါန်းသော မြေယာ အပါအဝင် မြေယာရယူခြင်း (သို့မဟုတ်) အဖိုးတန်ပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်းများနှင့် ပတ်သတ်၍ စာရွက်စာတမ်းများကို ပုံမှန်စီစဉ်ထားရှိသင့်ပါသည်။

ယခုအခါ ထိုသို့စီစဉ်ထားရှိသည်များကို မှတ်တမ်းမှတ်ရာများထားရှိခြင်းသည်လုပ်ငန်းနေရာအလိုက် များစွာ ကွဲပြား ခြားနားပြီး ရံဖန်ရံခါ မှတ်တမ်းထားရှိခြင်းမရှိပါ၊ ဆန္ဒမပါဘဲပြောင်းရွှေ့နေရာချထားမှုများအပါအဝင် ကမ္ဘာ့ဘဏ်၏လုံခြုံမှုမူဝါဒကို အကောင်အထည်ဖေါ်ဆောင်ရွက်ရာတွင် အတွေ့အကြုံအလွန် နည်းပါးပါသည်။

ကျေးရွာကာကွယ်ရေးနှင့် ပတ်သက်သူများအပါအဝင် အကောင်အထည်ဖော်ဆောင်ရွက်နေသောလုပ်ငန်းများနှင့် ၎င်းတို့နှင့် သက်ဆိုင်သော အဖွဲ့အစည်းများ (ဥပမာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း၊ ကျေးရွာ လျှပ်စစ်ဓါတ်အား ပေးရေးကော်မတီများ နှင့် ပြည်သူလူထုကိုယ်စားလှယ်များ)၊ အတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသည် လိုအပ်ပါသည်။

[၁၅] အထူးချမ်းသာကြွယ်ဝသည့် ရှမ်းပြည်နယ်ရှိကျေးရွာများမှအပ၊